PDi-Kintha
Peace & Development Initiative
Education for Peace & Development

# နှစ်ချုပ်အစီရင်ခံစာ

# ၂၀၁၉

# မာတိကာ


၁ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှေ့ဆောင် (PDI-Kintha) အဖွဲ့အစည်း၏ နောက်ခံသမိုင်းကြောင်း — စာမျက်နှာ ၁

(က) ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ဆောင်ရွက်သော လုပ်ငန်းများ
(ခ) မျှော်မှန်းချက်
(ဂ) ရည်မှန်းချက်
(ဃ) ပန်းတိုင်

၂ အကြံပေးဘုတ်အဖွဲ့ — စာမျက်နှာ ၂

၃ ဖွဲ့စည်းတည်ဆောက်ပုံ — စာမျက်နှာ ၃

၄ ကျွန်ုပ်တို့၏ အဓိက အားသာချက်များ — စာမျက်နှာ ၃

၅ ကျွန်ုပ်တို့၏ ပင်မ တန်ဖိုးထားမှုများ — စာမျက်နှာ ၅

၆ အမှုဆောင် ဒါရိုက်တာ၏ သတင်းစကား — စာမျက်နှာ ၆

၇ ကိန်းဂဏန်းများဖြင့် ဖော်ပြထားသည့် ပင်မ/အဓိက အစီအစဉ်များ — စာမျက်နှာ ၇

၈ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ခေါင်းဆောင်မှု အစီအစဉ် — စာမျက်နှာ ၇

(က) Akyab Institute-AI
(ခ) ခေါင်းဆောင်မှု ဖွံ့ဖြိုးရေး အစီအစဉ်
(ဂ) ဘူးမေ ပညာရေးစင်တာ (BEC)

၉ လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်ရေး အစီအစဉ် — စာမျက်နှာ ၁၃

(က) လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်မှု ပဏာမခြေလှမ်း (CEI)
(ခ) စကားဝိုင်း ယဉ်ကျေးမှု စီမံကိန်း
(ဂ) ပေါင်းကူးတံတား စီမံကိန်း (BP)
(ဃ) ကျား/မရေးရာအခြေပြု အကြမ်းဖက်ခြင်း စီမံကိန်း (GBV)
(င) ပုံပြောခြင်း စီမံကိန်း (STP)
(စ) အိပ်မက်သစ် စီမံကိန်း (EMT)
(ဆ) သုတေသန စီမံကိန်း
(ဇ) ပြဇာတ် စီမံကိန်း

၁၀ နှစ်စဉ် အချက်အလက်ဖော်ပြမှု ကားချပ်
(ကျား/မနှင့် လူမျိုးအလိုက် အကျိုးခံစားခွင့်ရှိသူဦးရေ စုစုပေါင်း) — စာမျက်နှာ ၂၆

၁၁ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ — စာမျက်နှာ ၂၆

၁၂ ကျွန်ုပ်တို့၏ မိတ်ဖက် အဖွဲ့အစည်းများ (မိတ်ဖက်အဖွဲ့အစည်းများ၏ အမည်နှင့် အမှတ်တံဆိပ် Logos) — စာမျက်နှာ ၂၆

၁၃ ကျွန်ုပ်တို့၏ အလှူရှင်များ (အလှူရှင်အဖွဲ့အစည်းများ၏ အမည်နှင့် အမှတ်တံဆိပ် Logos) — စာမျက်နှာ ၂၇

၁၄ လိပ်စာနှင့် အဆက်အသွယ် — စာမျက်နှာ ၂၇

## ၁။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ရှေ့ဆောင် (PDI-Kintha) အဖွဲ့အစည်း၏ နောက်ခံသမိုင်းကြောင်း

PDI-Kintha အဖွဲ့အစည်းအား ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော လူမှုအသိုက်အဝန်းများကြား အကြမ်းဖက်မှု အဓိကရုဏ်းများ ပြန့်နှံ့ဖြစ်ပွားခြင်းများနှင့် နောက်ဆက်တွဲ မွတ်ဆလင်ဆန့်ကျင်ရေး အုပ်စုဖွဲ့အကြမ်း ဖက်မှုများ အပေါ် တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ပဏာမ စီမံကိန်း များနှင့် လုပ်ငန်းစဉ်များသည် နောက်ဆက်တွဲ နက်ရှိုင်းလာသော ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားမှုများကို တုန့်ပြန်ဖြေရှင်းနိုင်ရန် လမ်းစရှာဖွေခြင်း ဖြစ်သည်။

အစောပိုင်း ကာလများတွင် ကျွန်ုပ်တို့၏ စွမ်းအင်များကို ပဋိပက္ခ၏ သက်ရောက်မှုကို ခံစားခဲ့ရသော လူမှု အသိုက် အဝန်းများ အချင်းချင်း ကြားတွင်သာမက ကျွန်ုပ်တို့ ဝန်ထမ်းများနှင့် လူမှုအသိုက်အဝန်းများကြား တွင်ပါ ယုံကြည်မှု တည်ဆောက်ခြင်းအတွက် များစွာဇဟိုပြု သုံးစွဲခဲ့သည်။ ပဋိပက္ခ ဖြစ်ပွားစေနိုင်သည့် အပြုအမူများကို ပြောင်းလဲနိုင်ရန် အတွက် အားကစား၊ ဂီတနှင့် အနုပညာ လှုပ်ရှားမှုများ ပြုလုပ်ကာ ပဋိပက္ခအတွင်း တိမ်မြုပ်နေသည့် ပြဿနာအကြောင်း အချက်များအပေါ် အသိအမြင်များ မြှင့်တင်ခြင်းနှင့် ပဋိပက္ခကို အသွင်ပြောင်းနိုင်ရန်အတွက် ကျွမ်းကျင်မှုတည်ဆောက် ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ ပဋိပက္ခဒဏ် ခံခဲ့ရသော လူထုနှင့် အတူ တကွ လက်တွဲလုပ်ဆောင်ခဲ့သည်။ သို့သော် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ပြုလုပ်ခဲ့သော တပ်မတော်၏ နောက်ဆက် တွဲ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးလုပ်ငန်းများသည် လူဦးရေ ၆၀၀၀၀၀ ကျော်အား ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းသို့ အစု လိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်သွားစေကာ ကျွန်ုပ်တို့၏ စီမံကိန်းဦးတည် ဒေသ များကိုလည်း ပြန်လည်ပြင်ဆင် ခဲ့ရသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွင်း စစ်တွေ၊ ဘူးသီးတောင်၊ ကျောက်တော်နှင့် မြောက်ဦးမြို့များမှ စတင်ကာ လက်ရှိအခြေအနေတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ပညာရေးနှင့် လူမှုပေါင်းစည်းညီညွတ်ရေး ကဏ္ဍများတွင် တာဝန် ထမ်းဆောင်နေသူ ဝန်ထမ်းဦးရေ ၄၀ ခန့်ရှိသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅-၁၆ ရက်နေ့များတွင် ၅ ဦးဘုတ်အဖွဲ့၏ ၄ဦးနှင့်အတူ PDI-Kintha အဖွဲ့၏အကြံပေး ဘုတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့သည်။ ပထမ အကြံပေးဘုတ်အဖွဲ့အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅-၁၆ ရက်များတွင်လည်းကောင်း၊ ဒုတိယ အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ၅-၆ ရက်များတွင် လည်းကောင်း အသီးသီး ကျင်းပခဲ့သည်။

### က ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ ဆောင်ရွက်သော လုပ်ငန်းများ

PDI-Kintha [illegible]

### ခ မျှော်မှန်းချက်

ကျွန်ုပ်တို့၏မျှော်မှန်းချက်မှာ ရခိုင်ပြည်နယ် အတွင်း ပဋိပက္ခဒဏ်ခံစားနေရသော လူမှုအသိုက် အဝန်းများကြား ပူးပေါင်းဆောင်ရွက်မှု ဓလေ့ ထွန်းကားလာစေရန်နှင့် လူမှုအသိုက်အဝန်း တိုင်းအတွက် မျှတသော အခွင့်အရေးများကို လက်လှမ်းမီစေရန်ဖြစ်သည်။

**၈ ရည်မှန်းချက်**

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ မတူကွဲပြားသော လူမှုအသိုက်အဝန်းများ အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်လာစေရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းအဆင့်တိုင်းတွင် ကိုယ်စားပြု ပါဝင်နိုင်စေရေးတို့အတွက် အထောက်အပံ့ဖြစ်စေရန် ရခိုင်ပြည်နယ်အတွင်း လူငယ် ငြိမ်းချမ်းရေး တည်ဆောက်သူများ မျိုးဆက်တစ်ခုကို ပညာရည် မြှင့်တင်ပေးရန်ဖြစ်သည်။

**ဃ ပန်းတိုင်**

PDI-Kintha အဖွဲ့သည် ပဋိပက္ခဒဏ် ခံစားနေရသော လူမှုအသိုက်အဝန်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းအဆင့်များတွင် ဖယ်ချန်ခံ လူထုများ၏ ပါဝင်မှုတို့ မြင့်တက်လာစေရေးအတွက် မြင်သာထင်ရှားပြီး မှတ်တမ်းပြုစုထားသော တိုးတက်ပြောင်းလဲမှု တစ်ခုကို ဆောင်ရွက်သွားမည်။

**ပန်းတိုင် ၁။** ပဋိပက္ခဒဏ် ခံစားခဲ့ရသော လူမှုအသိုက်အဝန်းများအကြား လူမှုသဟဇာတ ဖြစ်မှု မြင့်တက်လာစေရမည်။

**ပန်းတိုင် ၂။** မတူကွဲပြားပြီး ဖယ်ကျဉ်ခံထားရသော ပြည်သူလူထုများသည် အခွင့်အလမ်းများကို ပိုမိုလက်လှမ်းမီ ရယူနိုင်ရမည်။

**ပန်းတိုင် ၃။** ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအတွက် အရွေ့များ တိုးမြင့်လာစေရမည်။

## ၂။ အကြံပေး ဘုတ်အဖွဲ့


ကျွန်ုပ်တို့၏ရည်မှန်းချက်၊ PDI-Kintha အဖွဲ့အစည်း၏လုပ်ရှားဆောင်ရွက်မှုနှင့် အကြံပေးဘုတ်အဖွဲ့တွင် ခိုင်မာသော အုပ်ချုပ်မှုနှင့် တာဝန်ခံမှု ပြည့်ဝစွာရှိသည်ဟု ယုံကြည်သည်။

ကျွန်ုပ်တို့၏ အကြံပေးဘုတ်အဖွဲ့ကို အတွေ့အကြုံမြင့်မားပြီး ဝန်ထမ်းများစွာကို အုပ်ချုပ်ရသော ရာထူးမြင့်တာဝန်များကို ထမ်းဆောင်နေကြသူများ၊ သို့မဟုတ် ရွေးချယ်ဖွဲ့စည်းထားသော ဘုတ်အဖွဲ့ဝင်များ သို့မဟုတ် ၎င်းတို့နှင့် ရင်းနှီးဆက်နွယ်သူများ ဖြစ်ကြသည်။ ၎င်းတို့သည် အဖွဲ့အစည်း၏ ရည်မှန်းချက်ကို ရောက်ရှိရန်အတွက် အဖွဲ့ဝင်များ၏ မတူကွဲပြားမှုကို ကိုယ်စားပြုကာ သိသာလုံလောက်သော အချိန်၊ စွမ်းရည်နှင့် အင်အားများ ထည့်ဝင်ကာ မိမိတို့၏ အခန်းကဏ္ဍ/တာဝန်ကို ထမ်းဆောင်ရသည်။

၎င်းတို့သည် အဖွဲ့အစည်း၏ လုပ်ငန်းဗျူဟာ၊ အုပ်ချုပ်ရေးတို့အပေါ်နှင့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အကျိုးရှိစွာလည်ပတ်ဆောင်ရွက်မှုနှင့် ရည်မှန်းချက်ပြည့်မီရေးတို့အပေါ် စီမံအကြံပြုမှုများ ဆောင်ရွက်ရသည့် အခန်းကဏ္ဍ/တာဝန်ကို ယူရသည်။

ကျွန်ုပ်တို့သည် အကောင်းဆုံးသောအုပ်ချုပ်မှုစနစ်ဖြစ်စေရန်အတွက် လက်တွေ့ဆောင်ရွက်မှုများကို လိုက်နာဆောင်ရွက်ပြီး အကြံပေးဘုတ်အဖွဲ့ဝင်များကိုလည်း ၂ နှစ်တစ်ကြိမ် ရွေးချယ်သည်။

## (၃) ဖွဲ့စည်းတည်ဆောက်ပုံ




## (၄) ကျွန်ုပ်တို့၏ အဓိက အားသာချက်များ

### ရခိုင်လူမျိုး ဦးဆောင်သည့် ငြိမ်းချမ်းရေး ပဏာမ ခြေလှမ်း

ရခိုင်လူမျိုး ဦးဆောင်သည့် ငြိမ်းချမ်းရေး ပဏာမခြေလှမ်းတစ်ခု ဖြစ်သည့်အားလျော်စွာ ရခိုင်လူမျိုးတို့၏ ပြင်းထန်သော အမျိုးသားရေး ခံယူချက်များအရ ရခိုင်ပြည်နယ်အတွင်းရှိ အကြမ်းဖက်ပဋိပက္ခများတွင် ပါဝင်နေသည့် ၄င်းတို့၏ အခန်းကဏ္ဍများအပေါ် ထိန်းကျောင်းတွန်းအား ပေးနိုင်သည့် သူမတူသော ရပ်တည်ချက် တစ်ရပ် ရှိသည်။

ဝန်ထမ်းများမှာလည်း ကိုယ်ချင်းစာတရားနှင့် မတူကွဲပြားမှုကို နားလည်လက်ခံနိုင်စွမ်းရှိကြသည်။ ဝန်ထမ်း အများစုမှာ မွတ်စလင် လူမှုအသိုက်ဝန်းများနှင့် ကောင်းမွန်စွာ ဆက်ဆံကြီးပြင်းလာခဲ့ကြသူများ ဖြစ်ကြသည်။ အချို့ (ရခိုင်လူမျိုး အများစုဖြစ်သော ဝန်ထမ်းများ) သည် ရိုဟင်ဂျာ ဘာသာစကားကိုလည်း ပြောဆိုနိုင်ကြသည်။ ကျွန်ုပ်တို့သည် အဆိုပါ ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေး အခြေအနေကို ငြိမ်းချမ်းရေးအတွက် အပြုအမူများ ပြောင်းလဲရေးနှင့် အားပေးထောက်ပံ့မှုများ ရယူနိုင်ရန်အတွက် ကျယ်ပြန့်သော ရခိုင် လူမှုအဖွဲ့ အစည်းများအပေါ် အသုံးပြုသည်။

## ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

PDI-Kintha အဖွဲ့အစည်း စတင် ဖွဲ့စည်းချိန် ကတည်းကပင် ပဋိပက္ခအတွင်း ကျရောက်လျက်ရှိသော လူမှုအသိုက်အဝန်းများ နှင့် ယုံကြည်မှုများကို ကြိုးစားတည်ဆောက်ခဲ့သည်။

ကျွန်ုပ်တို့၏ လုပ်ငန်းများသည် စီမံကိန်းစက်ဝန်း လည်ပတ်သည့် အဆင့်အားလုံးတွင် ယုံကြည်မှုကို စဉ်ဆက်မပြတ် တည် ဆောက်နေရန် လိုအပ်သည်။ များစွာသော မတူကွဲပြားသည့် ပါဝင်သက်ဆိုင်သူ များနှင့်အတူ ယုံကြည်မှုတည်ဆောက်ရန်နှင့် စဉ်ဆက်မပြတ်စေရန် ဆန်းသစ်သည့် စွမ်းရည်များကိုလည်း မြှင့်တင်ထားသည်။

## အပြုအမူများ ပြောင်းလဲခြင်း

အပြုအမူများသည် ပဋိအက္ခအခြေအနေများအတွက် အဓိကအကြောင်းရင်းတစ်ရပ်အနေဖြင့် လက်ခံနားလည်သည့်အားလျော်စွာ ကျွန်ုပ်တို့၏အစီအစဉ်များတွင် တစ်ကိုယ်ရည်/ပုဂ္ဂလိကပြောင်းလဲရေးကို ပိုမိုအလေးပေး ဆောင်ရွက်သည်။

ရလဒ်များအနေဖြင့် ပါဝင်တက်ရောက်သူ သင်တန်းဆင်းများသည် ကျွန်ုပ်တို့၏စီမံကိန်းများတွင် ပါဝင်ခဲ့ရသော အတွေ့အကြုံများအရ ၄င်းတို့၏ အပြုအမူများ များစွာပြောင်းလဲခဲ့သည်ဟု ဖော်ပြကြသည်။ အပြုအမူများသည် အမူအကျင့်များပေါ် လွှမ်းမိုးနိုင်စွမ်းရှိသည့်အလျောက် အများစုသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်လာကြသည်။

## ငယ်ရွယ်၊ မတူကွဲပြားပြီး တက်ကြွသော ဝန်ထမ်းများ

ဝန်ထမ်းများသည် ငယ်ရွယ်သူများ ဖြစ်ကြသည်။ အများစုမှာ ပဋိပက္ခများ စတင်ဖြစ်ပွားချိန်တွင် ဆယ်ကျော်သက်ဝန်းကျင်အရွယ်များသာ ရှိကြသေးသည်။ ကျွန်ုပ်တို့သည် အဓိကအားဖြင့်လူငယ်များအကြား ငြိမ်းချမ်းရေးကို ကြိုးစားစည်းရုံး ဆောင်ရွက်သည်။

ကျွန်ုပ်တို့သည် ကွဲပြားခြားနားကြသည်။ အဓိကအားဖြင့် ရခိုင်လူမျိုး အများစုပါဝင်ကြသော်လည်း ရခိုင်၊ ချင်း၊ သက်၊ နှင့် အခြားသော တိုင်းရင်းသား လူမျိုးစုများမှ ဝန်ထမ်းများလည်းရှိသည်။ ကျွန်ုပ်တို့သည် ဝန်ထမ်းနှင့် သင်တန်းတက်ရောက်သူများ ရွေးချယ်ရာတွင် ကျား/မ၊ လူမျိုး နှင့် ကိုးကွယ်မှုများ စုံလင်စွာပါရှိရန် ကြိုးစား ဆောင်ရွက်သည်။

ကျွန်ုပ်တို့သည် တက်ကြွကြသည်။ ကျွန်ုပ်တို့အားလုံး ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံစားရသည့်မတူညီသော လူမှုအသိုက်အဝန်းများအကြား ငြိမ်းချမ်းသောပေါင်းသင်းဆက်ဆံရေးတစ်ခုတည်ဆောက်ရန် အလျင်အမြန် လိုအပ်နေကြောင်း သိရှိနားလည်ကြသည်။

## လေ့လာသင်ယူသည့် အဖွဲ့တစ်ခုဖြစ်သည်။

ပြည်နယ်အနံ့အပြားအတွင်းရှိ ပြည်သူလူထုများသည် မတူညီသော အတွေ့အကြုံများ ရှိသည်ဟု သိရှိနားလည်ထားပြီး ကျွန်ုပ်တို့လုပ်ရှားဆောင်ရွက်နေသော လူမှုအသိုက်အဝန်းတစ်ခုချင်းစီထံမှ လေ့လာသင်ယူခြင်းများ ပြုလုပ်နိုင်စေရန် အထူးအာရုံစိုက်ထားသည်။

ကျွန်ုပ်တို့၏စီမံကိန်းများတွင် စီမံကိန်းစက်ဝန်းဆောင်ရွက်လည်ပတ်သည့် ကာလတစ်လျှောက်လုံးတွင် သင်ယူခြင်းကိုပါ ထည့်သွင်းဆောင်ရွက်ပြီး အခြားသော ငြိမ်းချမ်းရေးလှုပ်ရှားဆောင်ရွက်သူများနှင့် NGO အဖွဲ့အစည်းများနှင့်အတူ ပြုစုထားသည့် မှတ်တမ်းဗဟုသုတများကို ဝေမျှနိုင်ရန် ကြိုးစားဆောင်ရွက်သည်။

## ကျယ်ပြန့်လာသော သင်တန်းသား/သူဟောင်းများ ကွန်ယက်

၂၀၁၃ ခုနှစ် တွင် စတင်ကာ ကျွန်ုပ်တို့၏ ခိုင်မာသော ပညာရေး အစီအစဉ်နှင့် ရေတိုသင်တန်းများ၊ စီမံကိန်းများ မှ တဖြည်းဖြည်း ကျယ်ပြန့်လာသော သင်တန်းဆင်းများ ကွန်ယက်ကို ဝမ်းမြောက်စွာ စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

ကျွန်ုပ်တို့ အနေဖြင့် ပိုမို ပွားများလာသော တက်ကြွသည့် သင်တန်းဆင်းများကို အသုံးပြုကာ ငြိမ်းချမ်းရေးဆီသို့ အရွေ့တစ်ခု တည်ဆောက်နိုင်ပြီး သင်တန်းဆင်းများကွန်ယက်ကို ကျယ်ပြန့်ပြီး လက်တွဲဆောင်ရွက်သော လုပ်ငန်းများ ပိုမို လုပ်ဆောင်လာနိုင်ရန် တွန်းအားပေးနိုင်မည်ဟု မျှော်လင့်သည်။

## ၅. ကျွန်ုပ်တို့၏ ပင်မ တန်ဖိုးထားမှုများ

### မတူကွဲပြားမှု

မတူကွဲပြားမှုကို အားသာချက်တစ်ခုအဖြစ်မြင်ကာ ပြည်နယ်အတွင်းရှိ ပြည်သူတိုင်းတွင် တမူထူးခြားသော မတူကွဲပြားမှုများ ရှိကြသည်ကို နားလည်လက်ခံသည်။

ကျွန်ုပ်တို့သည် မတူကွဲပြားမှု၏ တန်ဖိုးကို လုပ်ငန်းအစီအစဉ်များအတွင်း မြှင့်တင်ပေးပြီး ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့များကြား မတူကွဲပြားမှုအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

### တရားမျှတမှု

ကျွန်ုပ်တို့သည် အပြုသဘောဆောင်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တရားမျှတမှု မပါဝင်ဘဲ မရရှိနိုင် ဟု လက်ခံယုံကြည်ကာ ဝန်ထမ်းများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် သင်တန်းတက်ရောက်သူများမှ ပြည်နယ်အတွင်း နေထိုင်သော ပြည်သူလူထုနှင့် ဆက်စပ်နေသည့် တရားမျှတမှုနှင့် သက်ဆိုင်သော ပြဿနာများ (နှင့် မတရားမှုများ) ကို နားလည်စေရန်ကို အထောက်အပံ့ပေးရန် အကောင်းဆုံး ကြိုးစားသည်။

### တာဝန်ခံမှု

ကျွန်ုပ်တို့သည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အမြင့်ဆုံး ရရှိရန် ဆောင်ရွက်ပြီး အဖွဲ့အစည်း များနှင့် လူမှုအသိုက်အဝန်းများသည် တာဝန်ခံမှုကို တည်ရှိထိန်းသိမ်းနိုင်သည့် ဥပမာ တစ်ရပ် ဖြစ်လာရန် မျှော်လင့်သည်။

### ပူးပေါင်းဆောင်ရွက်ခြင်း

မတူကွဲပြားသော ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆီသို့ ဦးတည်ရာ လမ်းကြောင်း များ ဖြစ်သည်ဟု ယုံကြည်သည်။

ကျွန်ုပ်တို့၏ အစီအစဉ်များသည် မတူကွဲပြားသော ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုရှိသည့် ပေါင်းသင်းဆက်ဆံရေးကို တည်ဆောက်ပေးကာ အဖွဲ့အစည်းအတွင်းတွင်လည်း ပူးပေါင်း ဆုံးဖြတ်ချက်ချသည့် အလေ့ အထကို ကြိုးစား အကောင်အထည် ဖော်သည်။

### လူ့ဂုဏ်သိက္ခာ

လူတိုင်းကို လေးစားမှုနှင့် ဂုဏ်သိက္ခာ ရှိစွာ ပြုမူဆက်ဆံသင့်သည်ဟု ယုံကြည်သည်။ လူတိုင်းအပေါ် လေးစားမှု ရှိသည့် နည်း လမ်းများကို အသုံးပြုကာ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုကို အကောင်းဆုံး ဖြစ်စေပြီး အဆိုပါ တန်ဖိုးထားမှုကို သင်တန်း တက် ရောက်သူများအကြားနှင့် ကျွန်ုပ်တို့ လုပ်ငန်းများ ဆောင်ရွက်ရာ လူမှုအသိုက် အဝန်းများကြား အခြေခိုင်မာလာစေရန် ကြိုးစားဆောင် ရွက်သည်။

### ရေရှည်တည်တံ့ခြင်း

ငြိမ်းချမ်းရေး တည်ဆောက်ခြင်းသည် ရေရှည် ဖြစ်စဉ်တစ်ခုဖြစ်သည်ဟု နားလည်လက်ခံထားပြီး အဖွဲ့အစည်း နှင့် လူမှု အသိုက် အဝန်းအဆင့် ငြိမ်းချမ်းရေး တိုက်ရိုက် ဆောင်ရွက်မှုများ ရေရှည်တည်တံ့စွာ လည်ပတ်စေရေး မြှင့်တင်ဆောင်ရွက်နိုင်စေရန် မိမိတို့ ကိုယ်မိမိ မြှုပ်နှံထားသည်။





## အမှုဆောင်ဒါရိုက်တာ၏

# သတင်းစကား

***ခင်မင်လေးစားအပ်ပါသော မိတ်ဆွေများနှင့် မိတ်ဖက်လက်တွဲဖော်များခင်ဗျား၊***

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် PDI-Kintha အဖွဲ့အစည်းတည်ထောင်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ဝက်သို့ ရောက်ရှိပြီဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါအောင်မြင်မှုမှတ်တိုင်များကို ရောက်ရှိခဲ့ကြသကဲ့သို့ ထိုအောင်မြင်မှုများကိုလည်း ပြန်လည်ထင်ဟပ်သုံးသပ်ရန် အခွင့်အရေးတစ်ရပ် ဖြစ်လာခဲ့သည်။

ယနေ့အချိန်တွင် ကျွန်ုပ်တို့သည်ငြိမ်းချမ်းရေးလူငယ်ခေါင်းဆောင်များ စွမ်းရည်မြှင့်တင်ခြင်းနှင့် လူမှုပေါင်းစည်းညီညွတ်ရေးကို ဆောင်ရွက်သည့်ဦးဆောင်အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေပြီ ဖြစ်သည်။ ကျွန်ုပ်တို့တွင် လူမှုအသိုက်အဝန်းများ နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသော ပဋိပက္ခများနှင့် ခွဲခြားဆက်ဆံမှုများအပေါ် ခိုင်မာသည့် အလုပ်အတွေ့အကြုံရှိပြီးဖြစ်သည်။ စိန်ခေါ်မှုများပြားပြီး အလွန်အရေးပါသောလုပ်ငန်းများကို ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် မျှော်မှန်းချက်အပေါ်အမာခံများအဖြစ် အစဉ်တစ်စိုက်ရပ်တည်ပေးခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဆွေများ၏ ကူညီထောက်ပံ့မှုများ မပါဝင်ဘဲ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်းကိုလည်း သိရှိလက်ခံသည်။

မဝေးခဲ့သော နှစ်များအတွင်း လူဦးရေ တစ်သန်းနီးပါး အိမ်နီးခြင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ နယ်နှင်ခံရခြင်း အပါအဝင် လူမှုအသိုက်အဝန်းများ ရွှေ့ပြောင်းနေထိုင်ရစေသည့် ပဋိပက္ခများကိုတွေ့မြင်ရပြီးဖြစ်သည်။ အာဏာပိုင် တာဝန်ရှိသူများမှ နိုင်ငံအတွင်းရွှေ့ပြောင်းခဲ့ရသော ပြည်သူများပြန်လည် နေရာချထားနိုင်ရေး အတွက် ပံ့ပိုးကူညီမှုများ မရှိသကဲ့သို့ ဒုက္ခသည်တစ်ဦးမျှကိုလည်း နိုင်ငံသို့ပြန်လည်ခေါ်ယူနိုင်ခြင်းမရှိသည်မှာ မျက်မြင်ထင်ရှားပင်ဖြစ်သည်။ ထို့ပြင် အာဏာပိုင်များသည် ပဋိပက္ခဒဏ် ခံစားခဲ့ရသော လူမှုအသိုက်အဝန်းများအတွက် စကားဝိုင်းများ ဖန်တီးပေးခြင်းလည်း ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ယခုချိန်ထိ ရခိုင်တပ်မတော်နှင့် ဗမာတပ်မတော်ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် လူဦးရေ ၉၀၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသကဲ့သို့ သေဆုံးသူမှာလည်း ၁၀၀ ခန့် ရှိခဲ့သည်။ ယင်းသည် ရခိုင်ပြည်နယ်အတွက် စိန်ခေါ်မှုများ ပြည့်နှက်နေသည့်ကာလဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လူမှုအသိုက်အဝန်းများအတွင်း လူငယ်များချိတ်ဆက်ဆောင်ရွက်မှုကဲ့သို့ ရပ်ကျေးလူထုစွမ်းဆောင်ရည်မြှင့်တင်ခြင်း လက္ခဏာများရှိနေသကဲ့သို့ မတူညီသောလူမျိုးနှင့် ကိုးကွယ်သူများအကြား ဆွေးနွေးဝိုင်းများနှင့် လူမှုပေါင်းစည်းညီညွတ် ခြင်းတို့သည်လည်း ပိုမို မြင့်မားလာသည်။

PDI-Kintha အနေဖြင့် အဓိက အစီအစဉ် ၂ ရပ်ကို တစ်နှစ် သို့မဟုတ် ရက်တို ရွှေ့လျားသင်တန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တစ်နှစ်ကြာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် လူငယ် ခေါင်းဆောင်မှု အစီအစဉ်သည် လက်ရှိသင်တန်းသားဦးရေ ၂၅၆ ဦးကို ဝေမျှသင်ကြားပေးခဲ့ပြီး လက်ရှိတွင် ၄င်းတို့သည် ရခိုင်ပြည်နယ်၏ နိုင်ငံရေးနှင့် လူမှုရေးတိုးတက်ပြောင်းလဲမှုများအပေါ် တက်ကြွစွာ လွှမ်းမိုးပါဝင် ဆောင်ရွက်နေပြီဖြစ်သည်။ ရေတိုလူမှုအသိုက်အဝန်း ကနဦး ချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ်အနေဖြင့် ပါဝင်တက်ရောက်သူဦးရေ ၃၉၇၆ ဦး အထိ ရှိခဲ့ပြီဖြစ်သည်။ PDI-Kintha အဖွဲ့အစည်းအနေဖြင့် သင်တန်းဆင်းများ ကွန်ယက် ပိုမို အားကောင်းခိုင်မာလာသည့်အပေါ် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ အဆိုပါ တစ်ယောက်ချင်းစီတိုင်းသည် ကျွန်ုပ်တို့ ပြည်နယ်၏ အပြုသဘောဆောင် ပြောင်းလဲမှုများအတွက် ခိုင်မာစွာရပ်တည်ပေးကြသူများပင်ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် အချိန်အား၊ လူအားနှင့် ဆုံးဖြတ်ချက်များအားဖြင့် ရခိုင်ပြည်နယ် ပြည်သူလူထုတို့၏ ဘဝကို အပြုသဘောဆောင် ပြောင်းလဲမှုများနှင့် လူမှုပေါင်းစည်း ညီညွတ်မှုမြှင့်တင်ရေးတို့အတွက် ကျွန်ုပ်တို့နှင့်အတူ ၇ နှစ်တာ အတူပူးပေါင်း ဆောင်ရွက်ခဲ့ပါသော လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်အဖွဲ့များနှင့် လူမှုအသိုက်အဝန်းများကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ ထည့်ဝင်ဆောင်ရွက်မှုများကို အသိအမှတ်ပြုကာ လုပ်ငန်းများလည်ပတ်နိုင်ရန် ငွေအားဖြင့် ပံ့ပိုးပေးခဲ့ပါသော အလှူရှင်/အဖွဲ့များကိုလည်း ကျေးဇူးတင်ပါကြောင်း ဖော်ပြလိုပါသည်။ PDI-Kintha အဖွဲ့နှင့် ၄င်း၏ မိတ်ဖက်အဖွဲ့အစည်းများ ဆောင်ရွက်သောလုပ်ငန်းများသည် မရှိမဖြစ်ရေးပါသောလုပ်ငန်းများ ဖြစ်ကြောင်း နားလည်သိရှိသည့်အလျောက် ကြုံတွေ့ရနိုင်သော အခက်အခဲ စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ရန် အသင့်ပြင်ထားပါကြောင်း ပြောကြားလိုပါသည်။

လေးစားစွာဖြင့်

ကျော်ဆန်းလှိုင်
ဒါရိုက်တာ

## (၇) ကိန်းဂဏန်းများဖြင့် ဖော်ပြထားသည့် ပင်မ/အဓိက အစီအစဉ်များ




၁. လူမှုအသိုက်အဝန်းများ ချိတ်ဆက်ဆောင်ရွက်ရေး အစီအစဉ်
(အကျိုးခံစားခွင့် ရှိသူ စုစုပေါင်း ၁၇၂၇ ဦး)

၂. ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ခေါင်းဆောင်မှု အစီအစဉ်
(အကျိုးခံစားခွင့် ရှိသူ စုစုပေါင်း ၁၄၁ ဦး)


## (၈) ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ခေါင်းဆောင်မှု အစီအစဉ်

ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ခေါင်းဆောင်မှု အစီအစဉ်သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများတွင် ပါဝင်သက်ဆောင်ရွက်နေသော လူငယ်များကို အပြုသဘောဆောင် ပြောင်းလဲမှုများ အတွက် ဆောင်ရွက်သော ခေါင်းဆောင်များအဖြစ် စွမ်းဆောင်ရည် မြှင့်တင်ပေး ရန်အတွက် ကာလရှည် လေ့ကျင့်ရေး သင်တန်းတစ်ခုဖြစ်သည်။

## (က) Akyab Institute-AI

**Akyab Institute of Social Studies (AISS)** ကို ၂၀၁၇ ခုနှစ် တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ထိရောက်သော ခေါင်းဆောင်မှု၊ လူမှုရေး ပြဿနာများ၊ နိုင်ငံသား ပညာရေး၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ လူ့အခွင့်အရေး၊ အင်္ဂလိပ် ဘာသာစကား၊ နှင့် အခြားသော နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု များပါဝင်သော တစ်နှစ်တာ လေ့ကျင့်ရေး သင်တန်းအစီအစဉ်ဖြစ်သည်။ အဆိုပါ အစီအစဉ်သည် မိမိတို့ လက်လှမ်းမီသော အခွင့်အရေးများကို အကျိုးရှိစွာ အသုံးချနိုင်စေရန်အတွက် ဗဟုသုတများ၊ ကျွမ်းကျင်မှုများနှင့် မိမိကိုယ်မိမိ ယုံကြည်မှုတို့ မြှင့်တင်ပေးသည်။ **လက်ရှိတွင် အကျိုးခံစားခွင့်ရရှိခဲ့သူ သင်တန်းဆင်းဦးရေ ၈၄ ဦး ရှိခဲ့ပြီ ဖြစ်သည်။ (၂၀၁၇ မှ ၂၀၁၉ အထိ)**

**i. အကျိုးခံစားခွင့်ရရှိခဲ့သူ သင်တန်းဆင်းများ** (အလုပ်လက်ကိုင်ရှိသူ နှင့် မရှိသေးသူ)



| | |
|---|---|
| မ | ၂၈ |
| ကျား | ၂၆ |
| လူမျိုး | ရခိုင် – ၄၆<br>ချင်း – ၄<br>မြို – ၃<br>ဒိုင်းနက် – ၁ |
| အလုပ်လက်ကိုင်ရှိသူ/မရှိသူ ဦးရေ | အလုပ်လက်ကိုင်ရှိ – ၁၅<br>မရှိ - ၃၉ |

## ii. သင်တန်းဆင်းများ၏ အလုပ်အကိုင်

**01** မျိုးထွန်းနိုင်
HR Assistant
Peace and Development Initiative

**02** ကောင်းခန့်ဇော်
M&E Assistant
Peace and Development Initiative

**03** မျိုးမြတ်ငွေး
Part-time facilitator
Story telling project (PDI-Kintha)

**04** မြတ်အေးသဇင်
Project Officer
Center for Social Integrity

**05** ဇော်ထွန်း
Teacher
GIZ

**06** ကျော်ဇင်ဝင်း
Program Organizer
The Wings Institute

**07** အေးငြိမ်းစံ (P)
Outreach facilitator
Peace and Development Initiative

**08** အေးငြိမ်းစံ (.R)
Project Assistant
GIZ

**09** မောင်လှအောင်
Responsible Person
Rakhine Youth New Generation Network

**10** ဇော်ငွေး
Community Facilitator
CDN-ZOA

**11** ဂေဂေလင်း
Distribution Assistant
People For People

**12** ဦးခိုင်သန်း
Food Distributor
People For People

**13** တင်မာထွန်း
M&E and Project Officer
CERDA

**14** ကောင်းစံဟိန်း
Part-time facilitator
Story telling (PDI-Kintha)

**15** ဟန်ထွန်း
Data Collector
Peace and Development Initiative

**16** စိန်လှထွန်း
Distributor
Meik Swe Myanmar

### iii. သင်တန်းဆင်း ၃ ဦး၏ တုံ့ပြန်ဖော်ပြချက်များ

**ထွေးထွေးယဉ်**

ပေါက်တောမြို့နယ်၊ အပတ်စဉ် (၂)သင်တန်းဆင်းကျောင်းသူ

"အကယ်၍ ဒီကျောင်းကို မတက်ရသေးခင်နဲ့ တက်ပြီး အချိန် ခံယူချက် အမြင်တွေအကြောင်း ပြောရမယ်ဆိုရင် ကျွန်မအနေနဲ့ အမြင်တွေ အများကြီး ပြောင်းလဲသွားခဲ့ပါတယ်။ ဒီကျောင်းကို မတက်ဖြစ်ခင်တုန်းက ကျွန်မရဲ့ အမြင်တွေဟာ ဘာသာခြားတွေနဲ့ အခြားမတူညီတဲ့ လူမျိုးတွေဆိုရင် မကောင်းတဲ့ အမြင်နဲ့ပဲ မြင်တတ်ပြီး သူတို့အပေါ်လည်း အမုန်းတွေ ပွားခဲ့ပါတယ်။ ဒါပေမယ့် အခုချိန်မှာတော့ သူတို့ကို အပြုသဘောဆောင်တဲ့ အမြင်တွေနဲ့ မြင်တတ်လာပြီး သူတို့ရဲ့ လိုအပ်ချက်တွေနဲ့ တန်ဖိုးထားမှုတွေကိုလည်း ကောင်းကောင်း မြင်လာခဲ့ပါပြီ။ အခုချိန်မှာတော့ သူတို့နဲ့ လိုက်လျောညီထွေ ပေါင်းသင်းဆက်ဆံနိုင်ပါပြီ။ နောက်တစ် ချက်ကတော့ ဂျန်ဒါပါ။ အရင်က ဂျန်ဒါဆိုတာ အမျိုးသမီးတွေအတွက်ပဲ စဉ်းစားတဲ့ အရာလို့ ထင်ခဲ့ပြီး ယောကျ်ားလေးတွေရဲ့ အခန်းကဏ္ဍနဲ့ သူတို့ရဲ့ ခံစားချက်တွေကို မမြင်ခဲ့ပါဘူး။ အခု တော့ အားလုံးကို ရှင်းရှင်းလင်းလင်း မြင်လာပြီး LGBT (လိင်စိတ်/လိင် ဝိသေသလက္ခဏာ တိမ်းညွတ်ခံယူဖော်ပြမှု ကွဲပြားသူများ) ကိုလည်း လေးစားတတ်လာပါတယ်။"

**ဖြိုးဟိန်းထွန်း**

စစ်တွေ၊ အပတ်(၂)သင်တန်းဆင်း ကျောင်းသား

"ကျွန်တော့်မှာ ကိုယ့်လူမှုအသိုက်အဝန်း အတွက် ပါဝင်ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ဖြစ်နိုင်ရင် ရခိုင်မှာနေတဲ့လူငယ်တွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့အားကောင်းတဲ့ အဖွဲ့အစည်း တစ်ခု ထူထောင်ချင်ပါတယ်။ ဒါ့အပြင် ဒီပရိုဂရမ်ကရတဲ့ ကျွမ်းကျင်မှုတွေနဲ့ နိုင်ငံရပ်ခြား တစ်ခုမှာ ပညာသင်ဆု ရအောင်လို့ ကြိုးစားသွားမှာပါ။"

**ဇော်ဌေး**

ပုဏ္ဏာကျွန်း၊ အပတ်စဉ် (၂)သင်တန်းဆင်းကျောင်းသား

"ကျွန်တော်က ရက်တိုသင်တန်းတွေ၊ ဟောပြောပွဲတွေနဲ့ IELTS လိုမျိုး အင်္ဂလိပ်စာ သင်တန်းတွေ တက်မှာပါ။ နောက်ပြီး အလုပ်တစ်ခု ရဖို့လည်း ဆန္ဒရှိပါတယ်။ အလုပ်ဝင်လို့ အတွေ့အကြုံ ၃ နှစ်လောက်ရရင်တော့ နိုင်ငံခြား ပညာတော်သင်ဆုကိုလူမှုရေးသိပ္ပံဘာသာရပ်နဲ့ သင်ကြားခွင့်ရဖို့ ကြိုးစားသွားမှာပါ။ လူမှု အပြောင်းအလဲများအတွက် တက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်လာဖို့ ဆန္ဒရှိပါတယ်။








## (ခ) ခေါင်းဆောင်မှု ဖွံ့ဖြိုးရေး အစီအစဉ်

ခေါင်းဆောင်မှု ဖွံ့ဖြိုးရေး အစီအစဉ်ကို ဘူးသီးတောင် မြို့နယ်တွင် ၂၀၁၆ ခုနှစ်အတွင်း စတင်ခဲ့သည်။ တစ်နှစ်လျှင် သင်တန်း နှစ်ကြိမ်၊ တစ်ကြိမ်လျှင် ခေါင်းဆောင်မှု ကျွမ်းကျင်မှုများ၊ နိုင်ငံသားပညာရေး၊ ငြိမ်းချမ်းရေး ပညာရေး၊ အင်္ဂလိပ်ဘာသာစကားနှင့် ကွန်ပျူတာကျွမ်းကျင်မှု ဘာသာရပ်များ ၃ လကြာ လေ့ကျင့်သင်ကြားပေးသည်။ သင်တန်းအမှတ်စဉ် တစ်ခုလျှင် ပါဝင်တက်ရောက်သူ ၂၀ ဦး တစ်ပတ်လျှင် ၅ ရက် ကျင်းပလေ့ရှိသည်။ ခေါင်းဆောင်မှု ဖွံ့ဖြိုးရေး အစီအစဉ်ကို ဘူးသီးတောင် မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ခဲ့ပြီး မိမိတို့ လူမှုအသိုက်အဝန်းအတွင်း အပြုသဘောဆောင် အပြောင်းအလဲများ ဖော်ဆောင် နိုင်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများကို ရခိုင်ပြည်နယ်အတွင်းရှိ မတူကွဲပြားသော လူငယ်များထံသို့ ပို့ချပေးနိုင်ရန် ဦးတည် ရည်ရွယ်သည်။ ကျွန်ုပ်တို့အနေဖြင့် သင်တန်း အမှတ်စဉ် ၅ ခုကို ကျောင်းသား ၉၅ ဦးအ တွက် အဆိုပါ ဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီးဖြစ်သည်။

## i. အကျိုးခံစားခွင့်ရရှိခဲ့သူ သင်တန်းဆင်းများ (အလုပ်လက်ကိုင်ရှိသူ နှင့် မရှိသေးသူ)




အကျိုးခံစားခွင့်ရရှိခဲ့သူ အလုပ်လက်ကိုင်ရှိသူနှင့် မရှိသေးသူ အရေအတွက်

| | |
|---|---|
| မ | ၁၇ |
| ကျား | ၂၀ |
| လူမျိုး | ရခိုင် – ၁၄<br>ဒိုင်းနက်– ၆<br>ရိုဟင်ဂျာ – ၁၇<br>ခမီ - ၁ |
| အလုပ်လက်ကိုင်ရှိသူ / မရှိသူ ဦးရေ | အလုပ်လက်ကိုင်ရှိ – ၂<br>မရှိ - ၃၆ |

## ii. သင်တန်းဆင်းများ၏ အလုပ်အကိုင်

**01** **အောင်ခိုင်သိန်း**
Finance Assistant
PDI

**02** **ဇော်ဝင်းဦး**
Facilitator
PDI

## iii. သင်တန်းအမှတ်စဉ်အလိုက် သင်တန်းဆင်း ၁ ဦးစီ၏ တုံ့ပြန် ဖော်ပြချက်များ



**ကျော်မိုးသူ**
အပတ်စဉ် (၄) သင်တန်းဆင်း

"ကျွန်တော်တို့ဟာ ထိရောက်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ယူမှု ပြည့်ဝသော လူမှုအသိုက်အဝန်း ကိုယ်စားပြု ခေါင်းဆောင်မှု ပုံစံ၊ ဆက်သွယ်ဆက်ဆံရေးနှင့် အခြားသော လိုအပ်ချက်နှင့် နည်းလမ်းကိရိယာ များကို လေ့လာသင်ကြားပြီးဖြစ်ပါတယ်။ အဆိုပါ နည်းကိရိယာများတွင် လူမှုအသိုက်အဝန်းများအတွက် ရေရှည်တည်တံ့စေရန် အထောက် အကူဖြစ်ပြီး ထိရောက်သော နိုင်ငံသား ဗဟုသုတ၊ နိုင်ငံသား အမျိုးအစားများ၊ လူ့အခွင့်အရေး အခြေခံ ဗဟုသုတများ ပါဝင်ပါတယ်။ သင်တန်းတက်အပြီးမှာ လူမှုအသိုက် အဝန်းအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန်အတွက် ကျွန်တော့်အနေနဲ့ ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းရှင်းလင်းလင်း ခွဲခြားသိမြင်လာပါတယ်။ လက်ရှိတွင် PDI နှင့် အနီးကပ်လက်တွဲကာ **လှုံ့ဆော်ပညာပေးခြင်း အသင်းဝင်အစီအစဉ် Advocacy Fel-lows- hip Program ၏ လူမှုအဖွဲ့အစည်းနှင့် မီဒီယာ စီမံကိန်း ၂ Civil Society and Media Project (ii)** တွင် ၉ လကြာ တာဝန် ထမ်းဆောင်နေပါတယ်"

### အက်စ်မာ

အပတ်စဉ် (၅) သင်တန်းဆင်း

"အရင်က ကျွန်မရဲ့ လူမျိုး/ဘာသာနဲ့ လူ့အခွင့်အရေးများအပေါ် မတူညီတဲ့ အမြင်တွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် အခုတော့ ဘာသာမတူခြင်းဟာ ကြီးမားတဲ့ အချက်တစ်ခု မဟုတ်တော့ပါဘူး။ လူသားတိုင်း လူ့အခွင့်အရေးကို ခံစားခွင့် ရှိပါတယ်။ ဘာသာမတူညီခြင်းဟာ တစ်ယောက်နဲ့ တစ်ယောက် မတူညီခြင်းဖြစ်တယ်လို့ မမြင်သင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့လူတိုင်းဟာ အတူတူပဲမို့လို့ ဖြစ်ပါတယ်။ သင်တန်းအပြီးမှာတော့ ကိုယ့်ကိုကိုယ် ဘယ်လိုနိုင်ငံသားလဲဆိုတာ သိမြင်လာပြီး ဘယ်လိုအခွင့်အရေးတွေ ချိုးဖောက်ခံနေရတယ်နဲ့ တရားဝင်နိုင်ငံသားဖြစ်ခြင်း၊ တက်ကြွလှုပ်ရှားသူ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးတွေကို ကွဲပြားစွာနားလည်လာပါတယ်။ သင်တန်းမှာ ကြုံတွေ့သင်ယူခဲ့ရတာတွေက ကျွန်မကို အထောက်အကူများစွာ ဖြစ်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအတွေ့အကြုံတွေက ကျွန်မတို့ရဲ့ နေ့စဉ်ဘဝမှာ အရမ်းအရေးပါလို့ ဖြစ်ပါတယ်။ အဲဒီဗဟုသုတတွေနဲ့ အတွေ့အကြုံတွေကို အတိအကျအားဖြင့် ပဋိပက္ခများစွာ ဖြစ်ပွားလျက်ရှိသော ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လူတိုင်း ရသင့်တယ်လို့ ထင်ပါတယ်။"

### ဥမ္မာဂင်း

အပတ်စဉ် (၅) သင်တန်းဆင်း

"ဒီအစီအစဉ်ကို အတက်ခင်က ကျွန်မမှာ မိမိကိုယ်ကို ယုံကြည်မှုမရှိခဲ့ပါဘူး။ တစ်ယောက်တည်းနေတတ်ပြီး ပေါင်းသင်းဆက်ဆံရေး ညံ့ပါတယ်။ လူတွေနဲ့ ဘယ်လိုဆက်ဆံရမလဲ ကျွန်မမသိခဲ့ပါဘူး။ အခုတော့ ကျွန်မ ပြောင်းလဲခဲ့ပါ ပြီ။ ကျွန်မတို့ လူမှုအသိုက်အဝန်းအတွင်းက လူတိုင်းကို လေးစားတတ်လာပါတယ်။ သင်တန်းအပြီးမှာ အပြောင်းအလဲကို သတိပြုမိလာတာပါ။ ဒါကြောင့် ဘယ်လို ပေါင်းသင်းဆက်ဆံရမလဲ၊ မတူညီတဲ့ လူမှုအသိုက်အဝန်းတွေ၊ ဘာသာမတူသူတွေကို မိသားစုလို လေးစားတတ်ဖို့ သင်ယူခဲ့ပြီး ဖြစ်ပါတယ်။ အပြန်အလှန် လေ့ကျင့်ခြင်း၊ ရှင်းလင်းတင်ပြခြင်း လုပ်ငန်းများ၊ သရုပ်ဖော် လေ့ကျင့်ခန်းများနဲ့ အချင်းချင်းကြား လူ့ဂုဏ်သိက္ခာကို လေးစား၊ နားလည်ရန် ပြုလုပ်သော လှုပ်ရှားမှုများကြောင့် စွမ်းဆောင်ရည်ပိုမို မြင့်မား လာခဲ့ပါတယ်။"

### နိုင်ခင်သော်

အပတ်စဉ် (၆) သင်တန်းဆင်း

"အရင်က ကျွန်မကိုယ်ကျွန်မနဲ့ ကျွန်မရဲ့ လုပ်နိုင်စွမ်းတွေကိုမသိခဲ့ဘူး။ အခုတော့ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာခဲ့သလိုပါပဲ။ အခြားသူတွေအပေါ် ပိုနူးညံ့ပြီး ပိုသနားတတ်လာတယ်။ မိမိကိုယ်ကို လေးစားမှုနဲ့ လူ့ဂုဏ် သိက္ခာအပေါ် အခြေခံတဲ့ ပေါင်းသင်းဆက်ဆံရေးတွေမှာ တိုးတက်လာတယ်လို့ ခံစားရပါတယ်။ ဒီသင်တန်းမှာ ရခဲ့တဲ့ အတွေ့အကြုံတွေက ကျွန်မရဲ့ တိုးတက်မှုအတွက် အလွန်အထောက်အကူဖြစ်ပါတယ်။ ကျွန်မရဲ့ လူမျိုး/ဘာသာ မတူကွဲပြားမှုတွေ အပေါ်မှာလည်း အတွေးအခေါ်တွေလည်း ပြောင်းလဲလာခဲ့ပါတယ်။ အရင်က လူမျိုးပေါင်းစုံနဲ့ အတူတွဲအလုပ် အတူမလုပ်ဖူးပါဘူး။ သူတို့နဲ့လည်း နီးနီးကပ်ကပ် စကားမပြောဖူးပါဘူး။ အခုတော့ အဲလို အမှုအကျင့်တွေ မရှိတော့ပါဘူး။ ဘာသာမတူတဲ့ သူငယ်ချင်း မိတ်ဆွေတွေနဲ့လည်း ပိုပြီး စကားပြော၊ ဆွေးနွေးပြီးလက်တွဲဆောင်ရွက် မှုများ ပြုလုပ်နိုင်လာပါတယ်။ ဒီအစီအစဉ်က ကိုယ့်လူမှုအသိုက်အဝန်းအတွင်းမှာ ဦးစီးဦးဆောင်ပြုနိုင်ဖို့ ကျွန်မအတွက် ထိရောက်တဲ့ စွမ်းရည်တွေ မြှင့်တင်ပေးတယ်လို့ ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအစီအစဉ်က ခေါင်းဆောင်တစ်ယောက်ရှိသင့်တဲ့ အမှုအကျင့်နဲ့ အရည်အချင်းများကို တည်ဆောက်ပေးလို့ ဖြစ်ပါတယ်။"







## *(ဂ) ဘုမေ ပညာရေးစင်တာ (BEC)*

ဘုမေပညာရေးစင်တာကို ၂၀၁၈ ခုနှစ် အတွင်း စစ်တွေရှိ ရွှေ့ပြောင်းတိမ်းရှောင်သူများစခန်းနှင့် အနီးနားကျေးရွာများမှ မွတ်စလင်လူငယ်များကို စွမ်းရည်မြှင့်တင်ပေးရန်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ပေးနိုင်ရန်ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ဘုမေ စင်တာကို ၃ လကြာသော စာပေနှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေး သင်တန်းအဖြစ် တည်ဆောက်ထားပြီး နောက်ဆက်တွဲ အလုပ်သင် အစီ အစဉ် ၂ လ လည်းပါဝင်သည်။ ဘူးမေမှ စုစုပေါင်း အကျိုးခံစားခွင့် ရှိသူ (၂၀၁၈ မှ ၂၀၁၉ အတွင်း) ၄၉ ဦး ရှိခဲ့ပြီ ဖြစ်သည်။

### *i. အကျိုးခံစားခွင့်ရရှိခဲ့သူ သင်တန်းဆင်းများ (အလုပ်လက်ကိုင်ရှိသူ နှင့် မရှိသေးသူ)*




အကျိုးခံစားခွင့်ရရှိခဲ့သူ အလုပ်လက်ကိုင်ရှိသူနှင့် မရှိသေးသူ အရေအတွက်




## ii. သင်တန်းဆင်းများ၏ အလုပ်အကိုင်

**01** **မဆည်းဆာ**
Teacher
Baw Du Ba Government School

**02** **မမိုးမိုးသန်း**
Volunteer for RHC
MHAA

**03** **မဉမ္မာသိန်း**
Volunteer Teacher
TKP School

**04** **မောင်အောင်ဆန်းဦး**
Business
Own Business

**05** **မောင်တင်ထွန်းအောင်**
Volunteer teacher
Bumay School

**06** **မောင်ရွှေမောင်**
Tution teacher
Private teacher

**07** **မောင်ကျော်လှတင်**
Business
Own Business

**08** **မောင်တင်ဦး**
Apothecary
Pharmacy

**09** **မဝင်းဝင်းထွန်း**
Teacher
ThanTawli Government School

**10** **မောင်သန်းထွန်း**
Business
Own Bussiness

**11** **မောင်တင်ထူးလွင်**
Facilitator
PDI

**12** **မောင်ကျော်လှ**
Assistant Officer
PDI (Story telling project)

**13** **မောင်ကျော်ကျော်လှိုင်**
Teacher
Bar Sar Ywar School

**14** **မောင်ဇော်လွင်**
Teacher
Dar Paing School

**15** **မောင်ကျော်နိုင် ၂**
Tuition Teacher
Private Teacher

### iii. သင်တန်းဆင်း ၃ ဦး၏ တုံ့ပြန် ဖော်ပြချက်များ

**မဆည်းဆာ**

(အပတ်စဉ် (၁) သင်တန်းသူ) ဘွဲ့မေ ပညာရေး စင်တာ

"ဘွဲ့မေ ပညာရေးစင်တာကို မတက်ရောက်ခင်က ကျွန်မရဲ့ အိပ်မက်တွေ အခွင့်ရေးတွေ နေ့စဉ် ဆုံးရှုံးနေရတော့ ခေါင်းဆောင်တစ်ယောက်ဖြစ်လာနိုင်တယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူး။ အခုတော့ ဘွဲ့မေအစီအစဉ်က မိမိရဲ့ လူမှုအသိုက်အဝန်းအတွင်းမှာ ဦးစီးဦးဆောင်ပြု လုပ်ကိုင်နိုင်ရန် ကျွန်မကို ထိထိရောက်ရောက် စွမ်းရည် မြှင့်တင်ပေးခဲ့ပါတယ်။ ကျွန်မအနေနဲ့ သူတို့ကို အခွင့်အလမ်းတွေ ဖန်တီးပေးဖို့နဲ့ ပိုမိုကောင်းမွန်တဲ့အခြေအနေကို မြှင့်တင်ပေးဖို့အတွက် မိမိကိုယ်မိမိ ယုံကြည်မှုတွေ ရှိလာပါတယ်။ အကယ်၍ ပြည်သူတိုင်း ဖြစ်တည်မှုအမှတ်လက္ခဏာ၊ လူမျိုးနဲ့ ဘာသာတွေ အပေါ်မှာ ခွဲခြားမှုမရှိဘဲ နိုင်ငံသားအဖြစ် လက်ခံကြရင် ကျွန်မတို့ မြန်မာနိုင်ငံအတွင်းမှာလည်း ငြိမ်းချမ်းရေးကို မကြာခင် ရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သူတပါးကို လေးစားတတ်တာက မိမိကိုယ်ကို လေးစားတတ်ခြင်းပဲလို့ သိလိုက်ရတဲ့အလျောက် ကျွန်မအနေနဲ့ အခြားသူတွေအပေါ်မှာ လေးစားမှုနဲ့ ကြင်နာမှု ထားပါတယ်။"

**မဥမ္မာသိန်း**

(အပတ်စဉ် (၁) သင်တန်းသူ) ဘွဲ့မေပညာရေးစင်တာ

"ဘွဲ့မေ အစီအစဉ်ကို တက်ရောက်အပြီးမှာတော့ ကျွန်မအနေနဲ့ မိမိကိုယ်ကို ပြောင်းလဲလာတယ်လို့ မြင်မိပါတယ်။ ကျွန်မက ပေါင်းသင်းဆက်ဆံရေး အားနည်းပါတယ်။ လူတွေကို စကားကောင်းကောင်း ဘယ်လိုပြောရမလဲ ကျွန်မ မသိပါဘူး။ အခုတော့ ကျွန်မရဲ့ မိသားစုနဲ့ ကိုယ့်ကိုယ်ကို လေးစားသလို မတူကွဲပြားတဲ့ လူမှုအသိုက်အဝန်းတွေကိုလည်း လေးစားမှုရှိရှိနဲ့ ဘယ်လိုပြောဆိုဆက်ဆံရမလဲဆိုတာကို သင်ယူ လေ့လာခဲ့ပါတယ်။ ပြောဆိုဆက်ဆံရေးလိုပဲ တခြားမရှိမဖြစ် လိုအပ်တဲ့ ကျွမ်းကျင်မှုတွေဖြစ်တဲ့ ပြဿနာ ဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ နိုင်ငံသား အသိပညာနှင့် ရှင်းလင်းတင်ပြခြင်း ကျွမ်းကျင်တို့ကလည်း လူမှုအသိုက်အဝန်းအတွက် ငြိမ်းချမ်းသော လူမှုအဖွဲ့အစည်း၊ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့ ဖော်ဆောင်ရာမှာ ထိထိရောက်ရောက် အထောက်အကူ ဖြစ်စေပါတယ်။ ခိုင်ခိုင်မာမာပြောနိုင်တာကတော့ ကျွန်မရဲ့ အနာဂါတ်ကို ဘွဲ့မေ အစီအစဉ်ရဲ့ ထိရောက်တဲ့ လမ်းညွှန်မှုတွေနဲ့အတူ အပြုသဘောဆောင်တဲ့ ဘဝနေထိုင်မှုတစ်ခုကို ရှင်းရှင်းလင်းလင်း မြင်နေရပါတယ်။"

**ထွန်းအောင်**

(အပတ်စဉ် (၁) သင်တန်းသား) ဘွဲ့မေ ပညာရေး စင်တာ

"ကျွန်တော်က ပညာရေးမှာ အရမ်းအားနည်းတယ်လို့ ဘွဲ့မေကို မတက်ခင် က ထင်ခဲ့တာပါ။ ဒါပေမယ့် အခုတော့ ကျွန်တော့်ရဲ့ အသာချက်နဲ့ အားနည်းချက်တွေ ပြောင်းလဲလာခဲ့ပါတယ်။ ကျွန်တော် နိုင်ငံသား ပညာရေး၊ ပဋိပက္ခနဲ့ ငြိမ်းချမ်းရေး၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ အသက်မွေးဝမ်းကျောင်း သင်တန်း စတာတွေ တက်အပြီးမှာ လူမှုရေး သိပ္ပံလေ့လာခြင်းမှ မတူညီတဲ့ အတွေ့အကြုံတွေရရှိခဲ့ပါတယ်။ ဒီအစီအစဉ်ရဲ့အဆုံးမှာ ကိုယ့်သက်ဆိုင်ရာ လူမှုအသိုက်အဝန်းအတွက် ဖွံ့ဖြိုး တိုးတက်အောင်လုပ်ဖို့ ကိုယ့်ကိုယ်ကို မြှုပ်နှံထားလိုက်ပါတယ်။ လူထုကို ပညာရေးထောက်ပံ့ ခြင်းသည်သာ ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ဖို့ တစ်ခုတည်းသော ဖြေရှင်းနည်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ လက်ရှိမှာတော့ ထိခိုက်လွယ်သော လူငယ်များကို ပိုမိုကောင်းမွန်သော အနာဂါတ်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနေပါတယ်။ သူတပါးကို မေတ္တာနဲ့ လေးစားမှုဝေမျှခြင်းအားဖြင့် ကျွန်တော်တို့အတွက် လေးစားမှုကို ပြန်လည် ခံစားရရှိနိုင်မှာပါ။ ကျွန်တော်တို့ လူသားတိုင်းဟာ အတူတူပဲဖြစ်ပြီး ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးကို မတူညီတဲ့ လူမှုအသိုက်အဝန်းတွေ အတူလက်တွဲဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်ပါတယ်။"







## (၉) လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်ရေး အစီအစဉ်

လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်ရေး အစီအစဉ်သည် သင်တန်းများ၊ စကားဝိုင်းဖွဲ့ ဆွေးနွေးပွဲ များနှင့် လက်တွေ့အသုံးချ အနုပညာ/ ပုံပြောခြင်း/ မီဒီယာ လှုပ်ရှားမှုများကို အသုံးပြုကာ ကျေးရွာဒေသများအတွင်း မတူကွဲပြားသော လူမှုအသိုက်အဝန်းများကြား လက်တွဲဆောင်ရွက်မှုများနှင့် ပဋိပက္ခကို အကြမ်းမဖက်သော နည်းဖြင့် ဖြေရှင်းနိုင်စွမ်းတို့ကို မြှင့်တင်ပေးရန် ဦးတည်ထားသည်။

## (က) လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်မှု ပဏာမခြေလှမ်း (CEI)

လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်မှု ပဏာမခြေလှမ်းကို ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်ရှိလူမှုအသိုက်အဝန်းများအတွက် ခေါင်းဆောင်မှုစွမ်းရည် နိုင်ငံသား ပညာရေးနှင့် ငြိမ်းချမ်း ရေး တည်ဆောက်ခြင်း ဘာသာရပ် ကို ၆ ရက်တာ လေ့ကျင့်ရေး သင်တန်းအဖြစ်သင်ကြား ပို့ချခဲ့သည်။ ပံ့ပိုး သင်တန်းပေးသူများသည် ပါဝင် သက်ဆိုင်သူများနှင့်ပေါင်းသင်း ဆက်ဆံရေး တည်ဆောက်ထားပြီး သင်တန်း ဒီဇိုင်းကို မတူ ကွဲပြားသော လူမှု အသိုက်အဝန်းများကြား လူမှုပေါင်းစည်းညီညွတ်ရေး မြှင့်တင် နိုင်ရန် အတွက် ရေးဆွဲထားသည်။ လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်မှုပဏာမခြေလှမ်း ၏အကျိုးခံစား ခွင့်ရှိသူဦးရေ စုစုပေါင်းမှာ (၂၀၁၄ မှ ၂၀၁၉ အထိ၀ ၁၅၀၀ ဦး ခန့်ဖြစ်သည်။

## i. အကျိုးခံစားခွင့်ရှိသူဦးရေ (ကျား/မနှင့် လူမျိုးအလိုက်)

| | |
|---|---|
| မ | ၁၅၃ |
| ကျား | ၂၂၉ |
| လူမျိုး | ရိုဟင်ဂျာ – ၈၂ ဒိုင်းနက် – ၅၁<br>ရခိုင် – ၂၄၁ ကမန် - ၆ |

## ii. သင်တန်းဆင်း ၃ ဦး၏ တုံ့ပြန် ဖော်ပြချက်များ

**မောင်အေးဇော်**

*လင့်စဉ် ရွာသစ်၊ ကျောက်တော်မြို့နယ်*

"ကျွန်တော် လက်တွဲဆောင်ရွက်မှု ပဏာမ ခြေလှမ်းအစီအစဉ်၏ လူမှုပေါင်းစည်း ညီညွတ်ရေးသင်တန်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် တက်ရောက်ခဲ့သည်။ ကျွန်တော် အရင်က ရခိုင်လူမျိုးဆိုတာ ခရစ်ယာန်ဘာသာ ကိုးကွယ်သော မြိုလူမျိုးနှင့် ခမီလူမျိုးတို့ကဲ့သို့ အခြားသော လူမျိုးများထက် ပိုမိုကြီးမြတ်တယ်လို့ မှတ်ယူထားခဲ့တာပါ။ မွတ်စလင်လူမျိုးတွေကိုလည်း အရမ်းမုန်းခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ငယ်စဉ်က ရွာမှာကျောင်းလာတက်တဲ့ မြိုလူမျိုးတွေကို ခွဲခြားဆက်ဆံခဲ့ပါတယ်။ အကျိုးဆက်ကတော့ အဲဒီမြိုကျောင်းသားတွေက ကျောင်းလာတက်ဖို့ ကြောက်ရွံ့သွားခဲ့ရုံတင်မက ကျွန်တော်တို့ (ရခိုင်)တွေကိုလည်း အလွန် အမုန်းပွားစေခဲ့ပါတယ်။ အရင်က ဖြစ်ပျက်ခဲ့တာတွေက အလွန် ဆိုးဝါးခဲ့ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့ မတူကွဲပြားမှုတွေကို လက်မခံဘဲ ကျွန်တော်တို့မှာရှိတဲ့ မတူညီမှုတွေကို အသိအမှတ်မပြုခဲ့လို့ ဖြစ်ရတာလို့ ထင်ပါတယ်။ အကယ်၍ မတူကွဲပြားမှုတွေကို လက်ခံပြီး အပြန်အလှန် လေးစားမှုရှိမယ်ဆိုရင် ငြိမ်းချမ်းစွာ အသက်ရှင်နေထိုင်နိုင်ကြမယ် ထင်ပါတယ်"

**မောင်ညီညီထွန်း၊**

*ဝဲကြီးထောင့် ကျေးရွာ၊ ကျောက်တော်မြို့နယ်*

"ကျွန်တော်ကတော့ ကျောက်တော်မြို့နယ်၊ အလေးကျွန်းမှာနေထိုင်တဲ့ ညီညီထွန်း ဖြစ်ပါတယ်။ ဒီသင်တန်းကနေပြီးတော့ ကျွန်တော် တော်တော်များများ သင်ယူခဲ့ရပါတယ်။ ကျွန်တော်လူအများရှေ့မှာ စကားပြောဖို့ ဒီသင်တန်းမှာမှ စကြိုးစားခဲ့တာပါ။ ပထမဆုံး ရှင်းလင်းတင်ပြတုန်းက အရမ်းစိတ်လှုပ်ရှားပြီး ရှက်နေခဲ့တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ လူထုဟောပြောဖို့ ကြောက်စိတ်များကို ရှင်းလင်းတင်ပြခြင်းနဲ့ အဖွဲ့လိုက် ဆွေးနွေးခြင်းတွေအားဖြင့် တဖြည်းဖြည်း လျော့ချနိုင်ခဲ့ပါတယ်။ ဒီသင်တန်းမတိုင်ခင်က မတူကွဲပြားတဲ့သူတွေဆိုရင် အထင်သေးခဲ့ပါတယ်။ နောက်ပြီး သူတို့ကိုလည်း လေးစားစွာ ဆက်ဆံဖို့ အလေးမထားခဲ့ပါဘူး။ အခုတော့ တစ်စုံတစ်ယောက်ကို လေးစားမှု ကင်းမဲ့စွာ ဆက်ဆံခြင်းက ပဋိပက္ခကို ဖြစ်ပွားစေတဲ့ အဓိကအရင်းအမြစ်တစ်ခုဖြစ်တယ်လို့ ထင်ပါတယ်။ ဒီသင်တန်းမှာ အပြုသဘောဆောင်ပြီး လေးစားမှုရှိရှိ ပြောဆို ဆက်ဆံနည်းများကို လေ့လာခဲ့ရပါတယ်။"

**ဖြူဖြူစိုး**

*သဲပုံကျေးရွာ၊ ကျောက်တော်မြို့နယ်*

"ကျွန်မကတော့ ကျောက်တော်မြို့နယ်၊ သဲပုံကျေးရွာမှ မဖြူဖြူစိုးဖြစ်ပါတယ်။ လူမှုအသိုက်အဝန်း လက်တွဲဆောင်ရွက်ရေး ပဏာမခြေ လှမ်းအစီအစဉ်၏ လူမှုပေါင်းစည်းညီညွတ်ရေးသင်တန်းကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် တက်ရောက် ပြီးစီးခဲ့ပါတယ်။ သင်တန်းမတက်ခင်က မတူကွဲပြားမှုတွေက ပဋိပက္ခကို ဖြစ်စေတယ်လို့ ထင်မှတ်မှားခဲ့ပါတယ်။ တစ်နည်းအားဖြင့် လူမျိုး၊ ဘာသာမတူတဲ့ သူတွေနဲ့ အတူနေ ထိုင်မယ်ဆိုရင် ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်လို့ ထင်ခဲ့တာပါ။ ဒါကြောင့် ရခိုင်နဲ့မွတ်စလင်ကြားမှာဖြစ်တဲ့ ပဋိပက္ခတွေဟာ သာမာန်ပဲလို့ ယူဆထားခဲ့တာပါ။ ဒီသင်တန်းအပြီးမှာတော့ မတူကွဲပြားမှုအပေါ် အပြုသဘောဆောင်သော အမြင်ဖြင့်မြင်လို့ ရသကဲ့သို့ အပျက်သဘောဆောင်သော အမြင်ဖြင့်လည်း ကြည့်လို့ရတယ်လို့ သိမြင်လာပါတယ်။ အပြုသဘောဆောင်အမြင်နဲ့ ကြည့်မယ်ဆိုရင် ကျွန်မတို့ငြိမ်းချမ်းစွာနဲ့ အမှီအခိုကင်းစွာ အသက်ရှင်နေထိုင်နိုင်မှာပဲ ဖြစ်ပါတယ်။ သေချာတာကတော့ ပြဿနာတစ်ခုအဖြစ် မြင်လိုက်ရင် ပဋိပက္ခပေါင်းများစွာ ဖြစ်လာမှာပါ။"







## (ခ) စကားဝိုင်း ယဉ်ကျေးမှု စီမံကိန်း

စကားဝိုင်း ယဉ်ကျေးမှု စီမံကိန်းကို လူမှုအသိုက်အဝန်းတစ်ခုအတွင်း ၎င်းတို့ ရင်ဆိုင်ရသော ပြဿနာများကို စကားဝိုင်းဖွဲ့ ဆွေးနွေးဖြေရှင်းသော ရေရှည်တည်တံ့သည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်လာစေရန် ရည်ရွယ်၍ ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည် ဖော်ခဲ့သည်။ အပြောင်းအလဲတစ်ရပ်အဖြစ် အောင်မြင်စွာ မြင်တွေ့ရသည်မှာ အားလုံးပါဝင်သော ငြိမ်းချမ်းသည့် စကားဝိုင်းများသည် လူမှုအသိုက်အဝန်းအတွင်း ပဋိပက္ခ ဖြစ်ပွားနိုင်ခြေများ ပေါ်ပေါက်လာသည့်အခါ "လမ်းညွှန်" ယန္တယားတစ်ခု ဖြစ်လာခဲ့ခြင်း ပင်ဖြစ်သည်။ လူမှုအသိုက်အဝန်းအတွင်း စကားဝိုင်းဖြစ်မြောက်ရန် အကောင်အထည်ဖော်နိုင်မှု စွမ်းရည်မြှင့်တင်ရန်အတွက် သင်ရိုးညွှန်းတမ်းများ၊ စကားဝိုင်းနီးနှောဖလှယ်ပွဲနှင့် လူမှုအသိုက်အဝန်း ချိတ်ဆက်လှုပ်ရှားမှုများအားဖြင့် ထောက်ပံ့ပေးခြင်းသည် ပဋိပက္ခကို ငြိမ်းချမ်းစွာ ကာကွယ်ရပ်တန့်နိုင်ပြီး ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများကြား စကားဝိုင်း အလားအလာများ ဖန်တီးပေးနိုင်ရန်အတွက် အသိပညာများ တည်ဆောက်ရန် ရည်ရွယ်သည်။ စီမံကိန်း၏ အနှစ်ချုပ် ပြောင်းလဲမှု နိယာမမှာ လူမှုအသိုက်အဝန်းများအတွင်း အားလုံးပါဝင်သော စကားဝိုင်းယဉ်ကျေးမှုကို ပံ့ပိုးဖော်ဆောင်နိုင်ပါက ၎င်းတို့သည် ဖြစ်ပွားလာမည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာ ကာကွယ်နိုင်မည်ဖြစ်ပြီး အမုန်းစကားများ၊ အယူဝါဒခွဲခြား ပြောဆိုမှုများနှင့် ပဋိပက္ခများကို ခုခံကာကွယ်နိုင်စွမ်းများ တည်ဆောက်နိုင်မည်ဖြစ်သည်။ ယင်းသည် ရခိုင်ပြည်နယ် အတွင်း ယဉ်ကျေးမှုဆိုင်ရာနှင့် တိုက်ရိုက်အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေသည့်အကြောင်းရင်း ဖွဲ့စည်းတည်ဆောက်မှု များကို ချေဖျက်နိုင်ရန် အရှိန်မြှင့်တင် ဆောင်ရွက်ရာတွင် တစ်တပ် တစ်အား ပါဝင်ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သည်။ လူမှုအသိုက်အဝန်းများသည် ပဋိပက္ခ ဖြစ်ပွားလာနိုင်သော အလားအလာများကို စကားဝိုင်းနှင့် လူမှုအသိုက်အဝန်း လှုပ်ရှားမှုများအားဖြင့် တုန့်ပြန်ဖြေရှင်းနိုင်သောကြောင့်ဖြစ်သည်။ **စကားဝိုင်း စီမံကိန်း၏ စုစုပေါင်း အကျိုးခံစားခွင့် ရှိသူဦးရေမှာ ၆၁၆ ဦး ဖြစ်သည်။**

### *i. အကျိုးခံစားခွင့်ရှိသူဦးရေ (ကျား/မနှင့် လူမျိုးအလိုက်)*

မ — ၉၉

ကျား — ၈၁

လူမျိုး — ရိုဟင်ဂျာ – ၃၆, ဒိုင်းနက် – ၃၆, ရခိုင် – ၈၄, ကမန် – ၂၃, ချင်း - ၁

### ii. သင်တန်းဆင်း ၃ ဦး၏ တုံ့ပြန် ဖော်ပြချက်များ



**အောင်ငြိမ်းကျော်**

*သံခြေကျေးရွာ၊ ဘူးသီးတောင် မြို့နယ်*

"ကျွန်တော်ကတော့ အောင်ငြိမ်းကျော်ပါ၊ ဘူးသီးတောင်မြို့နယ်၊ သံခွကျေးရွာမှ ဖြစ်ပါတယ်။ စကားဝိုင်းသင်တန်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလက တက်ဖြစ်ခဲ့တာပါ။ သင်တန်း မတက်ခင်က လူအများရှေ့မှာ စကားပြောဖို့ အရမ်း ရှက်ရွံ့ခဲ့တာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်က ပေါင်းသင်းဆက်ဆံရေး အရမ်းညံ့ပါတယ်။ ဒါပေမယ့် ကျွန်တော် သင်တန်းမှာ ပေါင်းသင်းပြောဆိုခြင်း စွမ်းရည်နဲ့ပံ့ပိုးပို့ချခြင်း စွမ်းရည်တို့ကို တည်ဆောက်ခဲ့ပါတယ်။ ကျွန်တော့်ရွာက လူတစ်ချို့ အစည်းအဝေးအတွင်းမှာ ငြင်းခုန်ကြတာ အမြဲတမ်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူတို့အချင်းချင်း အပြန်အလှန် ငြင်းခုန်ကြတာဟာ အစည်းအဝေးရဲ့ ထိရောက်မှုကို ထိခိုက်စေပါတယ်။ ဒါကြောင့် ကျွန်တော် ဒီသင်တန်းက သင်ယူခဲ့တဲ့ စကားဝိုင်း ပံ့ပိုးမှု နည်းကိရိယာကို အသုံးချကာ ငြင်းခုန်ခြင်းမှ စကားဝိုင်းသို့ ပြောင်းလဲနိုင်ရန်အတွက် ကြိုးစားအသုံးပြုခဲ့ပါတယ်။"

**နိုင်မိုးနွယ်**

*သာယာကုန်းကျေးရွာ၊ စစ်တွေမြို့*

"ကျွန်မကတော့ နိုင်မိုးနွယ်ဖြစ်ပြီး စစ်တွေမြို့နယ်၊ သာယာကုန်း ကျေးရွာကပါ။ စကားဝိုင်းစီမံကိန်းက ကျင်းပတဲ့ စကားဝိုင်းပွဲပိုးခြင်း သင်တန်းကို ၈ ရက်တာ တက်ရောက်ခဲ့ပါတယ်။ သင်တန်းမတက်ခင်က ကျွန်မကပေါင်း သင်းဆက်ဆံရေး အလွန်ညံ့ပါတယ်။ ဥပမာ ကျွန်မက ကျွန်မ သင်တန်းသားတွေကို အော်ဟစ်ငေါက်ငမ်းခဲ့ပါတယ်။ ဒါပေမယ့် စကားဝိုင်း သင်တန်းတက်အပြီးမှာတော့ တခြားသူတွေနဲ့ နိုင်မာစွာ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့သလို တခြားသူတွေရဲ့ မတူညီတဲ့ တွေးခေါ်ကြံစည်မှုတွေကိုလည်း လက်ခံတတ်လာပါတယ်။ တစ်ရက် ကျွန်မအစ်ကိုက ကျွန်မ အောင်လေးကို အိပ်ယာထဖို့ အော်ဟစ်နေခဲ့ပါတယ်။ ကျွန်မအစ်ကိုက မောင်လေးကို စိတ်ဆိုးနေတာပါ။ သူတို့ ပဋိပက္ခ ဖြစ်ကြတော့ ကျွန်မ သူတို့ကို အပြုသဘောဆောင်တဲ့ စကားပြောခြင်း နည်းလမ်းတွေနဲ့ ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါတယ်။"



**ခင်သီတာထွန်း**

*သင်္ဂနက်ကျေးရွာ၊ စစ်တွေမြို့*

"ကျွန်မကတော့ စစ်တွေမြို့နယ်၊ သင်္ဂနက်ကျေးရွာမှ မခင်သီတာထွန်း ဖြစ်ပါတယ်။ ကျွန်မ PDI-Kintha အဖွဲ့၏ စကားဝိုင်းစီမံကိန်းကနေ ကျင်းပတဲ့ ၈ ရက်တာ စကားဝိုင်းသင်တန်းကို တက်ဖြစ်ခဲ့ပါတယ်။ သင်တန်းကာလအတွင်းမှာ ရှင်းလင်းတင်ပြမှုတွေနဲ့ ဆွေးနွေးဝိုင်းတွေအများအပြား ပြုလုပ်ရပါတယ်။ အဲဒီနောက်မှာတော့ ကျွန်မအနေနဲ့ လူထုရှေ့မှာ ဟောပြောတာ၊ သင်တန်းအတွင်း တခြားသူတွေနဲ့ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်တာတွေမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာပါတယ်။ ကျွန်မသေသေချာချာ သဘောပေါက်လိုက်တာက သဟဇာတ ဖြစ်စွာ နေထိုင်နိုင်ဖို့ ကျွန်မ တို့မှာ ရှိတဲ့ မတူကွဲပြားမှုတွေကို လက်ခံပေးရန် လိုအပ်သလို လေးစားဖို့ လည်းလိုအပ်တယ် ဆိုတာပါပဲ"



## (ဂ) ပေါင်းကူးတံတား စီမံကိန်း (BP)

ပေါင်းကူးတံတား စီမံကိန်းကို ၂၀၁၅ ခုနှစ်အတွင်း ပဋိပက္ခဒဏ် ခံစားရသော လူမှုအသိုက်အဝန်းများကြား ချစ်ကြည်ရေး ပူးပေါင်း အားကစားပွဲများနှင့် အနုပညာလုပ်ရှားမှုများအားဖြင့် ပေါင်းသင်းဆက်ဆံရေး တည်ဆောက်နိုင်ရန်ရည်ရွယ်၍ စတင်အကောင်အထည် ဖော်ခဲ့သည်။ စီမံကိန်းကို စစ်တွေနှင့်ဘူးသီးတောင်မြို့နယ်များမှ မြို့ပြနှင့် ကျေးလက်လူမှုအသိုက်အဝိုင်းများအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

### i. အကျိုးခံစားခွင့်ရှိသူဦးရေ (ကျား/မနှင့် လူမျိုးအလိုက်)

မ – ၁၅၄

ကျား – ၃၀၀

လူမျိုး:
- ရိုဟင်ဂျာ – ၁၇၂
- မြို – ၈
- ရခိုင် – ၂၁၄
- ကမန် – ၁၉
- ဒိုင်းနက် – ၂၄
- ချင်း – ၁၃
- ခမီ – ၄

### ii. သင်တန်းဆင်း ၃ ဦး၏ တုံ့ပြန် ဖော်ပြချက်များ

**အမည် = နန္ဒအောင်**

*လုပ်ရှားမှု = ဘောလုံးပြိုင်ပွဲ*

"ဒီလှုပ်ရှားမှုဟာ မတူကွဲပြားမှုရဲ့ တန်ဖိုးကို နားလည်စေဖို့နဲ့ မတူညီသော ဒေသက လူတွေကို ကွန်ယက်ချိတ်ဆက်နိုင်ဖို့ အခွင့်အလမ်းတစ်ရပ် ဖန်တီးပေးနိုင်ဖို့ ရည်ရွယ်တယ်လို့ ထင်ပါတယ်။ သိတဲ့အတိုင်းပဲ ဘောလုံးကစားနည်းဆိုတာအသင်းအဖွဲ့တစ်ခုအတွင်းကနားလည်မှုပါပဲ။ ပထမတော့ ကျွန်တော့်အနေနဲ့ ဒီလှုပ်ရှားမှုရဲ့ ဘောလုံးပွဲမှာ ကိုယ်မသိတဲ့လူတွေနဲ့အတူကစားဖို့ ခက်ခဲခဲ့ပါတယ်။ နောက်ဆုံးမှာတော့ တခြားသူတွေနဲ့ ချိတ်ဆက်ကစားနိုင်လာပါတယ်။ ဒီလှုပ်ရှားမှုကနေ အများကြီး သင်ယူရရှိခဲ့ပါတယ်။ အဲဒါကတော့ ဘယ်လိုပဲ ကွဲပြားခြားနားတဲ့ သူတွေပဲ ဖြစ်နေပါစေ ကျွန်တော်တို့ ဘုံနယ်မြေလေးတစ်ခု ရှာနိုင်မယ်ဆိုရင် ကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။"





**အမည် = ရန်လင်းနိုင်**
လုပ်ရှားမှု = ယဉ်ကျေးမှုအစားအစာ ပြပွဲ

"ကျွန်တော် ဒီလှုပ်ရှားမှုမှာ ပါဝင်ခွင့်ရတာ အရမ်းအားရကျေနပ်မိပါတယ်။ ကျွန်တော်တို့ရဲ့ ဘောလုံးကစားခြင်း ယဉ်ကျေးမှုကို ပြသနိုင်ရုံတင်မက မတူညီတဲ့လူမျိုးတွေရဲ့ ယဉ်ကျေးမှုနဲ့ အစားအစာတွေကိုပါ သိခွင့်ရခဲ့ပါတယ်။ ဒီလှုပ်ရှားမှုအတွင်းမှာ ယဉ်ကျေးမှုအစားအသောက်များ ပြပွဲကိုလည်း တခြားသူငယ်ချင်းတွေနဲ့အတူ ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ပါတယ်။ ဒါ့အပြင် တစ်ယောက်နဲ့တစ်ယောက် နားလည်မှု အတွေ့အကြုံတွေလည်း ရရှိခဲ့ပါတယ်။ ဒီလှုပ်ရှားမှုအတွင်းမှာ ချင်းရိုးရာ၊ မြို ရိုးရာနဲ့ အခြားသောယဉ်ကျေးမှု အစားအစာတွေကို သိခွင့်ရခဲ့ပါတယ်။ ယဉ်ကျေးမှု အစားအစာပြပွဲက ရိုးရာအစားအသောက်တွေကို စားသောက်ဖို့တင်မကဘဲ ထိန်းသိမ်းနည်းတွေပါ ပါပါတယ်။ အမှတ်တရတွေ အများကြီး ရပါတယ်။ ဂုဏ်ယူဝမ်းမြောက်ဖွယ်လည်း ဖြစ်ပါတယ်။"

## *(ဃ) ကျား/မရေးရာအခြေပြု အကြမ်းဖက်ခြင်း စီမံကိန်း (GBV)*

ကျား/မရေးရာအခြေပြု အကြမ်းဖက်ခြင်း စီမံကိန်းကို ၂၀၁၉ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော်ခဲ့သည်။ ယင်း စီမံကိန်းသည် ကျား/မရေးရာအခြေပြု အကြမ်းဖက်ခြင်းများကို ကာကွယ်နိုင်ရန် ဦးတည်သည်။ IRC နှင့် PDI-KINTHA အဖွဲ့တို့ မိတ်ဖက်လက်တွဲကာ UNFPA ၏ ရံပုံငွေစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ခြင်း ဖြစ်သည်။ IRC မှ PDI-KINTHA အတွက် IRC ၏ အမျိုးသမီးများနှင့် မိန်းကလေးများ စင်တာတွင် ကျား/မရေးရာအခြေပြု စွမ်းရည်နှင့် နည်းပညာသင်တန်းများ ပို့ချပေးခဲ့ပြီး လုပ်ငန်းခွင် လေ့ကျင့်ရေးသင်တန်းများနှင့် အနီးကပ်လမ်းညွှန်မှုများအပေါ်ဦးတည်ကာ ကျား/မရေးရာအခြေပြု အကြမ်းဖက်မှု သင်တန်း များနှင့် တုန့်ပြန်ကာကွယ်ခြင်း နည်းပညာရပ်ဆိုင်ရာ အစိတ်အပိုင်းများ ပါဝင်သည်။ IRC မှ PDI စင်တာ ၂ ခုနှင့် IRC ၏ အမျိုးသမီး များနှင့် မိန်းကလေးများစင်တာတွင် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာပေးသင်တန်း အစီအစဉ်ရေးဆွဲရာတွင် ပံ့ပိုးကူညီ ပေးခဲ့သည်။ ကျား/မရေးရာ ခြေပြု အကြမ်းဖက်ခြင်း စီမံကိန်းတွင် အကျိုးခံစားခွင့်ရှိသူဦးရေ စုစုပေါင်း ၅၅ ဦးရှိခဲ့ပြီ ဖြစ်သည်။

### *i. အကျိုးခံစားခွင့်ရှိသူဦးရေ (ကျား/မနှင့် လူမျိုးအလိုက်)*

| | |
|---|---|
| မ | ၁၂၃ |
| ကျား | ၁၁၃ |
| လူမျိုး | ရခိုင် – ၁၅၅<br>ရိုဟင်ဂျာ – ၈၁ |

### *ii. သင်တန်းဆင်း ၂ ဦး၏ တုံ့ပြန် ဖော်ပြချက်များ*



***ဟုဆာနာ***
*စစ်တွေမြို့နယ်*

"ကျွန်မနာမည်က ဟုဆာနာ ပါ။ စစ်တွေမြို့နယ် ဘုမေကျေးရွာမှာနေပါတယ်။ PDI-Kintha က ကျင်းပတဲ့ ကျား/မရေးရာအခြေပြု အကြမ်းဖက်ခြင်းကာကွယ်ရေးသင်တန်းမှ အများကြီး သင်ယူရရှိခဲ့ပါတယ်။ သင်တန်းကာလအတွင်း လိင်နှင့် ကျား/မရေးရာ၏ ကွာခြားပုံအကြောင်းကို ပိုမို လေ့လာသိရှိခွင့်ရခဲ့ပါတယ်။ နောက်ပြီး လိင်အကြမ်းဖက်မှုဆိုတာဘာလဲနဲ့ အဲဒီအကြမ်းဖက်မှု၏ နောက်ဆက်တွဲ သက်ရောက်မှုများ၊ ၁၈ နှစ်မပြည့်ခင် လက်ထပ်ခြင်း၏ အကျိုးအပြစ်များကိုလည်း သိရှိခဲ့ပါတယ်။ ဒါ့အပြင် သင်တန်းအပြီးမှာ ကျား/မရေးရာ တန်းတူညီမျှရေးဟာ လူတိုင်းတွက်ဖြစ်ပြီး အမျိုးသမီးများအတွက် သီးသန့်မဟုတ်ကြောင်း ခိုင်မာစွာ နားလည်သဘောပေါက်ခဲ့ပါတယ်။"



**ဖြူဖြူသန်း**
*စစ်တွေမြို့နယ်။*

"ကျွန်မက ဖြူဖြူသန်းပါ။ စစ်တွေမြို့နယ်၊ ဘုမေကျေးရွာမှာနေပါတယ်။ ကျား/မရေးရာအခြေပြု အကြမ်းဖက်ခြင်း ကာကွယ်ရေး သင်တန်းကို တက်ရောက်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ သင်တန်းအပြီးမှာ ကျွန်မကိုကျွန်မ အရေးပါသူအဖြစ် မြင်လာပါတယ်။ အရင်က မိန်းကလေးဆိုတာ ယောကျ်ားတွေလောက် အရေးမပါဘူး၊ အမျိုးသားတွေက မိသားစုကို ထောက်ပံ့ဖို့ အလုပ်လုပ်ရတာ၊ ဒါကြောင့်မို့လို့ အမျိုးသမီးတွေက ငွေကြေးအရ အမျိုးသားတွေကို မှီခိုနေရတယ်လို့ တွေးထင်ထားခဲ့တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် သင်တန်းအပြီး အမျိုးသမီးများမှာလည်း အမျိုးသားများနှင့် တန်းတူအခွင့်အရေးများသာ ရပါက မိမိကိုယ်ကို ရပ်တည်နိုင်စွမ်းရှိကြောင်း သိလာပါတယ်။"

## (c) ပုံပြောခြင်း စီမံကိန်း (STP)

ပုံပြောခြင်းစီမံကိန်းသည် အထုပ္ပတ္တိဇာတ်ကြောင်းကို စီကာပတ်ကုံးပြောဆိုဝေမျှခြင်းပင် ဖြစ်သည်။ ပဋိပက္ခအတွင်း ဆန့်ကျင့်ဘက် အဖွဲ့များကြား ဆက်သွယ်ဆက်ဆံရေးတွင် အကန့်အသတ်များ ရှိလာခဲ့သည်။ လူထုရဲ့အမြင်များလည်း ကျဉ်းမြောင်းလာခဲ့ပြီး ဖြစ်ရပ်များ၏ မိမိတို့ဘက်အခြမ်းကိုသာ မြင်နိုင်ခွင့်ရှိခဲ့သည်။ အထင်ဖြင့် ကောက်ချက်ချမှုတွေလည်း ကြီးထွားလာခဲ့သည်။ ဆန့်ကျင်ဘက်အဖွဲ့များသည်လည်း တဖြည်းဖြည်းဝေးကွာလာပြီ ၎င်းတို့တွင် ဘုံတူညီမှုများလည်း ရှိသေးကြောင်းကိုပါ မေ့ပျောက်လာခဲ့သည်။ ပုံပြောခြင်းသည် ယုံကြည်မှုတည်ဆောက်ရာတွင် အသုံးဝင်ပြီး ပဋိပက္ခဖြစ်ပွားလျက်ရှိသော အဖွဲ့များကို တခြားတစ်ဘက်၏ အမြင်များအား မြင်နိုင်စေရန်အတွက် အထောက်အကူဖြစ်စေသည်။ လူနှစ်ဦးမိမိတို့ကြောင်းကို ပုံပြင်သဖွယ် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ပြောပြကြသည့်အခါ ပိုမိုနီးကပ်ရင်းနှီးလာကြသည်။ အကယ်၍ ပုံပြင်ကောင်းမွန်စွာ ပြောဆိုခြင်းတွင် ခံစားချက်များ၊ ကြောက်ရွံ့မှုနှင့် မျှော်လင့်ချက်များ အကြောင်းနှင့် ဝေခွဲမရဆုံးဖြတ်ရခက်မှုများနှင့် စိတ်ကူးအိပ်မက်များကို ပြသမှုများပါဝင်သည်။ ပုံပြောခြင်းသည် ပန်းချီတစ်ချပ် ရေးဆွဲခြင်းပင်ဖြစ်သည်။ နားထောင်သူအတွက် ပုံပြောသူထံမှ အရောင်များကိုသာမက အနံ့နှင့်အသုံးများကိုပါ ခံစားရရှိနိုင် သည်။ နားထောင်နေစဉ် ကျွနုပ်တို့သည် အခြားတစ်ယောက် ပြောပြနေချိန်အတွင်း ခံစားချက်များကိုလည်း ခံစားသိရှိနိုင်သည်။ ပုံပြင် နားထောင်ခြင်းသည် အခြားသူတစ်ဦးနေရာသို့ ဝင်ရောက်ခံစားနိုင်စေသည်။ ပုံပြောခြင်း စီမံကိန်း၏ အကျိုးခံစားခွင့်ရှိသူဦးရေ စုစုပေါင်း ၁၄၄ ဦးရှိပြီ ဖြစ်သည်။

### i. အကျိုးခံစားခွင့်ရှိသူဦးရေ (ကျား/မနှင့် လူမျိုးအလိုက်)

မ – ၇၅

ကျား – ၆၉

လူမျိုး – ရခိုင် – ၇၀; ရိုဟင်ဂျာ – ၆၆; ချင်း - ၈

### i. သင်တန်းဆင်း ၂ ဦး၏ တုံ့ပြန် ဖော်ပြချက်များ



**အောင်ကိုလတ်**
*ဘုမေကျေးရွာ၊ စစ်တွေမြို့*

"ကျွန်တော်က အောင်ကိုလတ်ပါ။ စစ်တွေမြို့နယ် ဘုမေကျေးရွာမှာ ကျင်းပခဲ့တဲ့ ပုံပြောခြင်း သင်တန်းသို့ တက်ရောက်ခဲ့ပါတယ်။ ပထမပိုင်းမှာ မွတ်စလင်တွေလည်းပါမယ်လို့ သိရတော့ သင်တန်းကို တက်ရောက်ဖို့ တွန့်ဆုတ်နေခဲ့ပါတယ်။ ဒါပေမယ့် သင်တန်းကို တက်ရောက်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ပုံပြောခြင်း သင်တန်းချိန်မှာ ပါဝင်တက်ရောက်သူတစ်ချို့ရဲ့ ပုံပြင်တွေက ကျွန်တော့်ကို ဝမ်းနည်းစေပါတယ်။ ဘာလို့လဲဆိုတော့ ဒါဟာ သူတို့လက်တွေ့ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရတဲ့ အခက်အခဲတွေအကြောင်း ဖြစ်လို့ပါပဲ။ ဒ့ါအပြင် သူတို့ရဲ့ဆေးကုသမှုခံယူနိုင်ဖို့ ဆိုးရွားစွာ ကြုံတွေ့ရတဲ့ လွတ်လပ်စွာ သွားလာလှုပ်ရှားမှုများကို ပိတ်ပင်တားဆီးမှုများအကြောင်းလည်း ပါဝင်ပါတယ်။ အဲဒီပုံပြင်တွေကို ကြားအပြီးမှာ အဲဒီလူတွေအပေါ် ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်လာခဲ့ပါတယ်။"




**ခင်ခင်သန်း**
*ဘုမေကျေးရွာ၊ စစ်တွေမြို့*

"ကျွန်မက စစ်တွေမြို့နယ်၊ ဘုမေကျေးရွာမှ ခင်ခင်သန်းဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အရင်ကပုံပြောခြင်းဆိုတာ ဒဏ္ဍာရီထဲကအကြောင်းတွေကို ပြောတဲ့အရာလို့ပဲ ထင်ခဲ့တာပါ။ ဒါပေမယ့် ကျွန်မပုံပြောခြင်း သင်တန်းချိန်ကို တက်ရောက်အပြီးမှာ တက်ရောက်သူတွေရဲ့ ပုံပြင်များစွာကို နားထောင်ခဲ့ရပြီး ကျွန်မနှလုံးသားလှုပ်ခတ်လောက်အောင် ခံစားခဲ့ရပါတယ်။ နောက်ပြီး တခြားတက်ရောက်သူတွေရဲ့ ဂရုတစိုက်နားထောင်မှုတွေကို မြင်တွေ့ရတဲ့အချိန်မှာ ကျွန်မရဲ့ပုံပြင်ကိုလည်း ဝေမျှဖို့ ပိုမိုတက်ကြွလာပါတယ်။ သေချာတာက အများစုရဲ့ဘဝ ပုံပြင်တွေဟာ ကျွန်မရဲ့ဇာတ်ကြောင်းနဲ့ ဆင်တူနေတာတွေ့ရပါတယ်။ အရင်ကကျွန်မနဲ့ တစ်ရွာတည်းအတူနေတဲ့ ပါဝင်တက်ရောက်သူတွေနဲ့တောင် မရင်းနှီးခဲ့ပါဘူး။ ဒါပေမယ့် သင်တန်းကာလအတွင်းမှာ တက်ရောက်သူတိုင်းနဲ့ ရင်းနှီးလာခဲ့ပါတယ်။ ဒ့ါအပြင် သူတို့ရဲ့ဘဝပုံပြင်တွေကို ပိုမိုသိနားလည်ခဲ့ရပါတယ်။ ဒါကြောင့် ပုံပြောခြင်းအားဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်းများ လုပ်ဆောင်နိုင်တယ်လို့ ထင်မိပါတယ်။"

## (စ) အိပ်မက်သစ် စီမံကိန်း (EMT)

အိပ်မက်သစ် စီမံကိန်းကို ၂၀၁၈ ခုနှစ်အတွင်း ကျောက်တော်မြို့နယ်နှင့် စစ်တွေမြို့နယ်ရှိ ရွာပေါင်း ၂၀ ရှိ မတူကွဲပြားသောလူငယ်များအကျိုးအတွက်ရေ့ရှုကာ ရွေ့လျားအသက်မွေးဝမ်းကျောင်းပညာသင်တန်းစီမံကိန်းတစ်ခုအဖြစ် စတင် အကောင်အထည်ဖော်ဆောင်ခဲ့သည်။ အိပ်မက်သစ်စီမံကိန်း၏ ဦးတည်ကျေးရွာအများစုသည် PDI ၏ ၂၀၁၆ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်နေသော လူမှုအသိုက်အဝန်းချိတ်ဆက်ဆောင်ရွက်မှု ပဏာမခြေလှမ်း စီမံကိန်းများလက်ရှိ အကောင်အထည်ဖော်ရာဒေသများပင်ဖြစ်ပြီး လူမှုအသိုက်အဝန်းဝင် လူထုနှင့် ပေါင်းသင်းဆက်ဆံရေး ခိုင်မာစွာတည်ဆောက်ပြီးဖြစ်သည်။ အိပ်မက်သစ် စီမံကိန်းသည် နည်းပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများနှင့် စီးပွားရေးစီမံခန့်ခွဲမှု၊ ဈေးကွက်ချဲ့ထွင်မှုများပါဝင်သော လေးရက်တာ အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်းများပြုလုပ်ခြင်းအားဖြင့် တစ်ဦးချင်းနှင့် လူမှုအသိုက်အဝန်း စွန့်ဦး တီထွင်လုပ်ငန်းများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်သည်။ အိပ်မက်သစ် စီမံကိန်း၏ အကျိုးခံစားခွင့်ရှိသူ ဦးရေ စုစုပေါင်းမှာ ၃၉၃ ဦး ရှိပြီဖြစ်သည်။

### *i. အကျိုးခံစားခွင့်ရှိသူဦးရေ (ကျား/မနှင့် လူမျိုးအလိုက်)*




### *ii. သင်တန်းဆင်း ၃ ဦး၏ တုံ့ပြန် ဖော်ပြချက်များ*



**ခင်သီတာထွန်း**
*သင်္ဂနက်ကျေးရွာ၊ စစ်တွေမြို့*

"ကျွန်မက စစ်တွေမြို့နယ်၊ သင်္ဂနက်ကျေးရွာမှ ခင်သီတာထွန်းဖြစ်ပါတယ်။ PDI-Kintha ရဲ့ အိပ်မက်သစ် စီမံကိန်းက ကျင်းပတဲ့ဆပ်ပြာနဲ့ခေါင်းလျှော်ရည်သင်တန်းကို တက်ရောက်အပြီးမှာ အသေးစား စီးပွားရေးလုပ်ငန်းလေးတစ်ခု စတင်နိုင်ဖို့ မတည်ထောက်ပံ့ငွေအနည်းငယ် ရရှိခဲ့ပါတယ်။ အခုကျွန်မ ဆပ်ပြာကော ခေါင်းလျှော်ရည်ပါ ရွာမှာ ထုတ်လုပ်ရောင်းချနေပါတယ်။ အနီးနားရွာတွေကို ဖြန့်ဝေပြီး စီးပွားရေးကို ချဲ့ထွင်ဖို့လည်း အစီအစဉ်ရှိပါတယ်။"

**ဘဉီး**

*မောင်နီပြင်ကျေးရွာ၊ စစ်တွေမြို့*

"ကျွန်တော်ကတော့ ဘဉီးပါ။ စစ်တွေမြို့နယ်၊ မောင်နီပြင်ကျေးရွာကပါ။ PDI-Kintha ရဲ့ အိပ်မက်သစ်စီမံကိန်းက ကျင်းပတဲ့ ဆပ်ပြာနဲ့ ခေါင်းလျှော်ရည် သင်တန်း ကို ဇွန်လ ၂၀၁၉ ခုနှစ်မှာ တက်ရောက်ခဲ့ပါတယ်။ သင်တန်းအပြီးမှာ အတွေ့အကြုံရဖို့ ကျွန်တော့်မှာရှိတဲ့အရင်းအမြစ်တွေနဲ့ ခေါင်းလျှော်ရည်နဲ့ ဆပ်ပြာတွေကို ထုတ်လုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် အရည်အသွေးကတော့ အရမ်းကြီး မကောင်းခဲ့ပါဘူး။ ဒါကြောင့် အိပ်မက်သစ်ရဲ့ သင်တန်းဆရာတွေကို အရည်အသွေးကောင်းအောင် ဘယ်လိုလုပ်ရမလဲ မေးမြန်းခဲ့ပါတယ်။ သူတို့က အရင်းအမြစ်တွေကို ဘယ်လိုအသုံးချရမလဲဆိုတာ လမ်းညွှန်ပြသပေးပါတယ်။ ကံကောင်းထောက်မစွာနဲ့ ကျွန်တော့်ရဲ့ ဆက်ပြာနဲ့ ခေါင်းလျှော်ရည် ထုတ်လုပ်မှုမှာ စိတ်ဝင်စားသည့်အလျောက် စီမံကိန်းမှ မတည်ထောက်ပံ့ငွေ အနည်းငယ် ရရှိခဲ့ပါတယ်။ အခုတော့ ကျွန်တော့်ရွာမှာ ထုတ်ကုန်တွေ ရောင်းရင်း ကိုယ်ပိုင်စီးပွားရေးလေး စတင်လည်ပတ်နေပြီ ဖြစ်ပါတယ်။"

**သန်းသန်း**

*ကျေးတောပိုက်ဆိပ်၊ စစ်တွေမြို့*

"ကျွန်မက စစ်တွေမြို့နယ် ကျေးတောပိုကျဆိပ်ကျေးရွာမှ သန်းသန်း ဖြစ်ပါတယ်။ အိပ်မက်သစ်စီမံကိန်းက ကျင်းပတဲ့ မှိုစိုက်နည်းသင်တန်းကို တက်ရောက်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ သင်တန်းအပြီးမှာ မိသားစုစားဖို့အတွက် မိဘတွေရဲ့အိမ်မှာ ကျွန်မမှိုစတင်စိုက်ပျိုးပါတယ်။ ကျွန်မရဲ့ အိမ်နီးချင်းတွေက ရွာထဲမှာ ရောင်းချဖို့ပြောကြတော့ ကျွန်မလည်း အိပ်မက်သစ်စီမံကိန်းမှ အသေးစားမတည်ထောက်ပံ့ငွေ ရယူနိုင်ဖို့ အဆိုပြုတောင်းခံခဲ့ပါတယ်။ အခုတော့ ကျွန်မရဲ့ရွာနဲ့ အနီးအနား ကျေးရွာတွေမှာ မှိုစိုက်ပျိုးရောင်းချခြင်းဖြင့် ကျွန်မရဲ့ ကိုယ်ပိုင်စီးပွားရေး လည်ပတ်နေပြီဖြစ်ပါတယ်။"





## (ဆ) သုတေသန စီမံကိန်း

သုတေသနစီမံကိန်းမှ ရခိုင်ပြည်နယ်အတွင်းရှိ သုတေသနစာတမ်းနှစ်စောင် ကူညီပံ့ပိုးပေးခဲ့ပါသည်။ သုတေသနရဲ့ အစပိုင်းတွင် ပဋိပက္ခဒဏ်ခံစားခဲ့ရသော လူမှုအသိုက်အဝန်းများအတွက် တုံ့ပြန်ကူညီမှုများအတွက် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအချင်းချင်းကြား သဘောထားခံယူချက်များ၊ ပေါင်းသင်းဆက်ဆံရေးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းများအပေါ်တွင် ဗဟိုပြုထားသည်။ သုတေသန၏ ဒုတိယပိုင်းသည် မတူညီသော ပါဝင်သက်ဆိုင် သူများ၏ ဝန်ဆောင်မှုများအပေါ် လက်လှမ်းမီရန်နှင့် ဝန်ဆောင်မှုပေးနိုင်ရန် ရခိုင်ပြည်နယ်အတွင်း ရင်ဆိုင်နေရသော ဘာသာစကား အခက်အခဲများကို စစ်တမ်းကောက်ခြင်းဖြစ်သည်။ ထောက်ပံ့ငွေအတွင်း လူမျိုးနှင့်ဘာသာရေး ပဋိပက္ခများ ရှည်ကြာစွာ ဖြစ်ပွားရာ ဒေသများဖြစ်သည့် ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦးနှင့် ဘူးသီးတောင်မြို့နယ်များတွင် စာရွက်စာတမ်းနှင့် သတင်းအချက် လက်အပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ကွင်းဆင်း သုတေသနပြုခြင်းလုပ်ငန်းများ ပါဝင်သည်။

## *i.* လေ့လာခြင်း အမှတ် ၁

"ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့အစည်းများ - ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ခံယူချက်အမြင်များ"

ဤသုတေသန အစီရင်ခံစာသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် အလယ်ပိုင်းအတွင်းရှိ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် လေ့လာသုံးသပ်ထားသည်။ သုတေသနလုပ်ငန်းကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လနှင့် အောက်တိုဘာလကြားတွင် USAID ၏ ပြည့်ဝသော ရံပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့ပြီး ဤစီမံကိန်းသည် ပါဝင်သက်ဆိုင်သူ အားလုံးအတွက် အကြံပြုချက်များပေးနိုင်ရန်ခံယူချက်အမြင်များနှင့် လက်တွဲဆောင်ရွက်မှုများအပေါ် ပိုမိုနားလည်စေရန် စူးစမ်းရှာဖွေခဲ့သည်။

၂၀၁၂ ခုနှစ်အတွင်း၊ အဓိကအားဖြင့် မွတ်စလင်လူမှုအသိုက်အဝန်းများ ရွှေ့ပြောင်းနေထိုင်ရခြင်းအပေါ် တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ အမျိုးမျိုးသောနိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာအဖွဲ့များနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်သူများ၏ လုပ်ငန်းများ ပိုမိုများပြားလာခဲ့သည်။ ယင်းအချိန်မှ စတင်ကာ လူထု၏ သဘောထားအမြင်များသည် နိုင်ငံတကာလှုပ်ရှားမှုများအပေါ် နိုင်ငံရေးအရ ဘက်လိုက်မှုများရှိပြီး

ပိုမိုကျယ်ပြန့်သော တင်းမာမှုများ ဖြစ်စေရန် အားပေးနေသကဲ့သို့ ဖြစ်သည်ဟု အဓိပ္ပါယ် ကောက်မှတ်ယူကြသည်။ ထိုအချိန်တွင် နိုင်ငံတကာနှင့် ပြည်တွင်းလှုပ်ရှားသူများအကြား ပူးပေါင်းဆောင်ရွက်မှုများ အတွက် အချိန်အကန့် အသတ်များ ရှိနေခဲ့သည်။ ၂၀၁၈ ခုနှစ် နှောင်းပိုင်းမှ စတင်ကာ ရခိုင့်တပ်တော် Arakan Army (AA) နှင့် မြန်မာ့တပ်မတော် Myanmar military (Tatmadaw) အကြား မြင့်တက်လာသော လက်နက်ကိုင် ပဋိပက္ခများသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှုနှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏အခင်းအကျင်းကို ပြောင်းလဲစေခဲ့သည်။ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းနှစ်ဘက်လုံး ပဋိပက္ခဒဏ်ခံစားခဲ့ရသောဒေသများသို့ သွားရောက်ရန်နှင့် ချိတ်ဆက်လက်လှမ်းမီရန်အတွက် တားမြစ်ကန့်သတ်မှုများ တိုးမြင့်လာသည်ကို ကြုံတွေ့ခဲ့ရသည်။

ဤအစီရင်ခံစာသည် ရခိုင်ပြည်နယ်အတွင်း လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ချို့၏ တုံ့ပြန်ဖြေကြားချက်များနှင့် အလှူရှင် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ဌာနများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုအသိုက်အဝန်းအခြေပြု အဖွဲ့ အစည်းများမှ ဝန်ထမ်းများနှင့် ပြုလုပ်သော ပိုင်းဖွဲ့ဆွေးနွေးခြင်း ၅ ခုနှင့် အရေးပါသော သတင်းပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှု ၅၂ ခုတို့အပေါ်တွင် အခြေခံထားသည်။

## *ii. လေ့လာခြင်း အမှတ် ၂*

**"စစ်တွေ၊ သံတွဲနှင့် ဘူးသီးတောင်မြို့နယ်များအတွင်း လူမှုအသိုက်အဝန်းများ အပြန်အလှန်ဆက်သွယ်ဆက်ဆံရေးအပေါ် သက်ရောက်နေသည့် ဘာသာစကားအခက်အခဲများ "**

ဤ အစီရင်ခံစာသည် မြန်မာနိုင်ငံရခိုင်ပြည်နယ်အတွင်း လူမှုအသိုက်အဝန်းအချင်းချင်း ပေါင်းသင်းဆက်ဆံရေးအပေါ် ဘာသာစကားအခက်အခက်များမှ မည်ကဲ့သို့ သက်ရောက်သည်များအပေါ် ကနဦးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြထားသည်။ သုတေသန လုပ်ငန်းကို USAID ၏ လုံလောက်သော ရံပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၉ ခုနှစ်အတွင်း အောက်တိုဘာနှင့် ဒီဇင်ဘာလကြား ကာလများတွင် ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းသည် ပံ့ပိုးကူညီခြင်းနှင့်အဟန့်အတားများတွင် ဘာသာစကား၏ အသားမကျနိုင်သော အခန်းကဏ္ဍများ၊ သဟဇာတဖြစ်သော လူမှုပေါင်းသင်း ဆက်ဆံရေးနှင့် ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းသည့် လူမှုအသိုက်အဝန်းများ စသည်တို့ကို ရှာဖွေနိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးစုများ၏ ခံယူချက်အမြင်များကို ရှာဖွေဖော် ထုတ်ထားသည်။ ဤသုတေသနသည် ဘာသာစကားများအပေါ် လေ့လာခြင်းမဟုတ်ဘဲ လူမှုပေါင်းစည်းညီညွတ်ရေးနှင့် ဘာသာစကားဆက်နွယ်မှု အကြောင်းအရာများသာ ဖြစ်သည်။

ယဉ်ကျေးမှုနှင့် ဘာသာစကား ပညာရေး၊ ကြောက်မက်ဖွယ် ဆင်းရဲမွဲတေမှု၊ စီးပွားရေးဆိုင်ရာ လျစ်လျူရှုမှုများ၊ တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများ ဖယ်ကျဉ်ခံရခြင်း၊ လူနည်းစု ယဉ်ကျေးမှုများကို ကြောက်မက်ဖွယ်များအဖြစ် ပုံဖော်/သရုပ်ဖော် ခြင်းနှင့် ရှုည်လျားလှသော တိုင်းရင်းသားရေးရာ ခွဲခြားမှု အခြေအနေများ အပါအဝင် မလုံလောက်သော ပညာရေး လုပ်ငန်းများသည် ဘာသာစကားနှင့် ကျင့်သုံးမှုများပါဝင်သော မတူညီသည့်ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုတို့တွင် လူမှုအသိုက်အဝန်းများကြား လူမှုပေါင်း သင်းဆက်ဆံရေးကို တင်းမာမှုများ ဖြစ်ပေါ်စေသည်။ တိုင်းရင်းသားများ ပါဝင်မှုနိုင်မာမှုနှင့် ပညာရေး၊ စီးပွားရေးအပေါ် အမှီသဟဲပြုသော မြို့နယ်များ၊ နေ့စဉ်လူမှုအသိုက်အဝန်းများနှင့် အုပ်ချုပ်ရေးတွင် ဘုံဘာသာစကားများ၊ အချင်းချင်း နားလည်သော ဘာသာစကားများ ပြောဆိုရာ ကျေးရွာများတွင် လူမျိုးစုချင်း ပေါင်းသင်းဆက်ဆံမှု ပိုမိုနီးကပ်ရင်းနှီးကြသည်ကို တွေ့ရပြီး လူမှုအသိုက်အဝန်းများကို ပဋိပက္ခများ မြင့်တက်လာခြင်းကို အကာအကွယ် ဖြစ်စေသည်။

၂၀၁၂ ခုနှစ်အတွင်း ဒေသအနှံ့အပြားနှင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ များတွင် ဖြစ်ပွားခဲ့သော နိုင်ငံတော် စီမံချက် အကြမ်းဖက်မှုများသည် ရခိုင်ပြည်နယ်၏ လူမှု မွေးဖွား/ နေထိုင်/ သေဆုံးမှု ပုံစံကို ပြန်လည် အသစ်ဖြစ်စေသည်။ ကျောက်ဖြူမြို့နယ်မှ ကမန်နှင့် ရိုဟင်ဂျာ မွတ်စလင် အများအပြား၊ စစ်တွေမြို့ပေါ်နေ ရိုဟင်ဂျာ မွတ်စလင် အားလုံးနီးပါး နင်ထုတ်ခံခဲ့ရပြီး မောင်တောနှင့် ဘူးသီးတောင် မြို့နယ်နေ ရိုဟင်ဂျာ အများစု ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ စွန့်ခွာ ထွက်ပြေးရခြင်း/ ဖိအားပေးနှင်ထုတ်ခြင်းခံခဲ့ရသည်။ အဆိုပါ နိုင်ငံတော်ညွှန်ကြားသည့် လူထု ရွှေ့ပြောင်းမှုသည် လူမှုအသိုက်အ ဝန်းအချင်းချင်း အပြန်အလှန် အမှီသဟဲပြုမှုသဘာဝကို သိသာထင်ရှားစွာ ထိခိုက်စေပြီး အခြားသူများ၏ ဘာသာစကားကို သင်ယူနိုင်စွမ်းအပေါ်သို့လည်း သက်ရောက်စေသည်။

စစ်တွေမြို့နယ်အတွင်း ဥပမာအားဖြင့်၊ ရခိုင်ဘာသာပညာရေးတွင် ရိုဟင်ဂျာများ ရယူလက်လှမ်းနိုင် ခွင့်နှင့် ရခိုင်နှင့် ရိုဟင်ဂျာ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များကြား အပြန်အလှန် အမှီသဟဲပြုမှုများကို တားမြစ်ကန့်သတ်ထားခြင်းများကဲ့သို့ လူမှုအသိုက် အဝန်းများ၏ ခွဲခြားဆက်ဆံမှုများ ဖြစ်ပွားလျက်ရှိသည်။ ယင်းသည် ရိုဟင်ဂျာလူမျိုးတို့၏ ရခိုင်ဘာသာစကားစွမ်းရည်နှင့် ရခိုင်လူမျိုးတို့၏ ရိုဟင်ဂျာဘာသာစကား စွမ်းရည်တို့ကျဆင်းနေသည့် အဓိပ္ပါယ်သက်ရောက်လျက်ရှိပြီး ပြန်လည်ပေါင်းစည်းနိုင်ရန် အတွက် လမ်းစများ အစရှာမရ ဖြစ်လျက်ရှိသည်။

ဤအစီရင်ခံစာသည် စစ်တွေ၊ ဘူးသီးတောင်နှင့် သံတွဲမြို့နယ်များအတွင်း ပြုလုပ်ခဲ့သော သတင်းပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း ၅၉ ခုမှ တုံ့ပြန်ဖြေကြားသူ ၆၈ ဦး (ရိုဟင်ဂျာ၊ ကမန်၊ ဒိုင်းနက်၊ ရခိုင်နှင့် မရမကြီး လူမျိုးများ ပါဝင်သည်) ၏ တစ်ဦးချင်း ကနဦး သဘောထားခံယူချက်/အမြင် များအပေါ်တွင် အခြေခံထားသည်။

## *သုတေသန စာစောင်နှစ်ခုမှ မီးမောင်းထိုးပြထားသော အချက်များ*

### လေ့လာမှု အမှတ်စဉ် ၁ အတွက် အဓိက လေ့လာတွေ့ရှိချက်များ

- ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြား ကြီးမား သော ဗဟုသုတနှင့် ဆက်သွယ်ဆက်ဆံရေး ချို့တဲ့/ကွာဟမှုတစ်ခု ရှိနေသည်။ ယင်းသည်ပင် နားလည်မှုလွဲခြင်းနှင့် ယုံကြည်မှုပျက်ပြားခြင်းတို့အတွက် လမ်းစပင်ဖြစ်သည်။ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များအတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာသည့်အခါ လွဲမှားသောထင်မြင်ချက်များနှင့် မယုံကြည်မှုများ ကျန်ရှိနေပြီး ဆက်သွယ်ဆက်ဆံရေး ပွင့်လင်းမှုသည်လည်း လွန်စွာ ရှား ပါးလျက်ရှိသည်။ စိုးရိမ်ဖွယ်အသိပညာချို့တဲ့မှုနှင့် ပြောင်းလဲနေသည့် အခြေအနေများသည် တိုးတက်လာသော ဆက်ဆံရေးများအတွက် ရေရှည်တည်တံ့မှု မငြိမ်သက်နိုင်ကြောင်း ဖော်ပြလျက်ရှိသည်။ လက်ရှိကာလတွင် ပေါင်းသင်းဆက်ဆံရေးနှင့် ယုံကြည် မှုပြန်လည်တည်ဆောက်ရန် မရှိမဖြစ်အရေးကြီးလျက်ရှိသည်။ နိုင်ငံတကာ အဖွဲ့အစည်းများကြား ပြန့်နှံ့လျက်ရှိသော ယူဆချက်တစ်ရပ်မှာ ရခိုင်အခြေပြု ပြည်တွင်းအဖွဲ့အစည်းများသည် မွတ်စလင် လူမှုအသိုက်အဝန်းများနှင့် လက်တွဲလုပ်ဆောင်ရန် မလိုလားကြဘဲ စွမ်းရည်များလည်းနိမ့်ပါးကြသည်ဟူ၍ ဖြစ်သည်။ ပြဿနာအများစုသည် အချက်အလက်များထက် ဒေသမရင်းနှီးခြင်းနှင့် သတင်းမှားများအပေါ်တွင် အခြေခံသည်။ ယင်းသည် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထိရောက်မှုနှင့် ဝေမျှမှုအားနည်းသော ဆန်းစစ်လေ့လာခြင်းတို့၏ တွန်းအားနှင့် ထင်ဟပ်မှုတို့ပင် ဖြစ်သည်။

- နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများကြား ယဉ်ကျေးမှုကွာဟခြင်းနှင့် အဖွဲ့အစည်းတည်ရှိခြင်း အကြောင်းတရားများသည် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် အဓိကအတားအဆီးများပင်ဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများမှ လူသားချင်း စာနာထောက်ထားမှုစည်းမျဉ်းများကို ကိုးကားကြသော်လည်း ရခိုင်ပြည်နယ်အတွင်းရှိ အဖွဲ့အစည်းအများစုမှာ ရခိုင် လူမှုအသိုက်အဝန်းများကို ကူညီထောက်ပံ့ရန် ဖွဲ့စည်းထားပြီး လူသားချင်းစာနာထောက်ထားမှု စည်းမျဉ်းများကို သိနားလည်ခြင်း မရှိကြချေ။

- အစိုးရ၏ တင်းကျပ်တားမြစ်သော မူဝါဒများသည် အဖွဲ့အစည်းများကို လူမှုအသိုက်အဝန်းများကို ပိုမိုလေ့လာဆန်းစစ်ဆေရန် ဖိအားများ ဖြစ်ပေါ်စေခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ထင်မှတ်ရည်ရွယ်မထားဘဲ ကောင်အထည် ပေါ်စေသည်။ ယခုသုတေသနအတွင်း အစိုးရဌာနဆိုင်ရာများမှ သက်ဆိုင်သူများ ပါဝင် အကြံပြုခြင်း မရှိသော်လည်း ပါဝင်တုံ့ပြန်သူများမှ မတူညီသောအဆင့်နှင့် အစိုးရဌာနများနှင့် လုပ်ဆောင်ခဲ့သော အတွေ့အကြုံများကို တင်ပြခဲ့ကြသည်။ အစိုးရဌာနအများစုမှာ ပြည်တွင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် တုံ့ဆိုင်းနေသည်ကိုမြင်ရသော်လည်း၊ လူမှုဝန်ထမ်းဦးစီးဌာနသည် လက်ရှိတွင် ပူးပေါင်းဆောင်ရွက်မှု အတန်ငယ်နည်းနေသေးသော်လည်း အခြားဌာနများနှင့် ယှဉ်လျှင် အထောက်အပံ့ပေးနိုင်မှု အများဆုံးဖြစ်သည်။

- အဲ့သြဖွယ်တစ်ရပ်မှာ နိုင်ငံတကာအဖွဲ့အစည်းများ၏ အသစ်ရွှေ့ပြောင်းခံရသောလူမှုအသိုက်အဝိုင်းများအား ကူညီထောက်ပံ့ပေးခြင်းအပေ အသိပညာ/ဗဟုသုတချို့တဲ့ခြင်းဖြစ်ပြီး ယင်းသည်နိုင်ငံတကာအဖွဲ့အစည်းများ၏ ထိရောက်သော ဆက်သွယ်ဆက်ဆံရေး အားနည်းခြင်းကို ထင်ဟပ်စေသည်။

- ပြည်တွင်းအဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးရန်လိုအပ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်။ အားထုတ်မှုများအနေဖြင့် ဒေသအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်စေရန် စဉ်ဆက်မပြတ် ပြုလုပ်ခြင်း၊ လူမှုအသိုက်အဝန်းများနှင့် ချိတ်ဆက်ခြင်း၊ ရေရှည်တည်တံ့ရေးနှင့် ထိရောက်အကျိုးရှိစေရေးတို့ကို ဆောင်ရွက်နိုင်သည်။

- နိုင်ငံတကာ အဖွဲ့အစည်းများကြားတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို စွမ်းရည်မြှင့်တင်ခြင်း သို့မဟုတ် ဒေသအခြေပြုရန် တွန်းအားပေးသော ဆွဲဆောင်မှုဖွဲ့စည်းပုံများမရှိခြင်းပင် ဖြစ်သည်။ ရေတိုသဘောတူစာချုပ်များ၊ ငွေကြေးဆိုင်ရာ အကျိုးစီးပွား/ စိတ်ဝင်စားမှုများနှင့် ဖိအားများသည် အဆင့်ဆင့်အုပ်ချုပ်မှုယန္တယားကို ရေရှည်တည်တံ့စေပြီး ဒေသအခြေပြုရန်အတွက် ဦးစားပေးမှုများလျော့ကျစေကာ လူမှုအသိုက်အဝန်းများအတွက် ရေရှည်အကျိုးကျေးဇူးများထက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကျိုးကိုပိုမိုဖြစ်ထွန်းစေသည်။ ထို့အပြင် အချို့နိုင်ငံတကာအဖွဲ့အစည်းများ၏ အထက်အောက် အုပ်ချုပ်ပုံ သဘောသဘာဝနှင့် တုံ့ပြန်ဖြေကြားသူတို့ဖော်ပြသော နိုင်ငံတကာဝန်ထမ်းများ၏ (တခြားသူများထက်) သာလွန်ထက်မြက်သည်ဟုသည့် အမြင်သည် ဒေသအခြေပြုခြင်းနှင့် အမှီသဟဲပြုခြင်းအပေါ် တန်ဖိုးမထားဟု အဓိပ္ပါယ်သက်ရောက်စေသည်။

- အချို့သော အလှူရှင်အဖွဲ့အစည်းများသည် ဒေသအခြေပြုခြင်းကို ရှင်းလင်းစွာထောက်ခံပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်တက်စေရန် တက်ကြွစွာချိတ်ဆက်ဆောင်ရွက်ပြီး အဖွဲ့အစည်းမူဝါဒများလည်း ချမှတ်ထားသော်လည်း အချို့သောအဖွဲ့အစည်းများမှာ ပြည်တွင်းအဖွဲ့အစည်းများကို အထောက်အပံ့ဖြစ်စေရန်အတွက် များစွာလုပ်ဆောင်ရန် လိုအပ်နေသေးသည်။

## *လေ့လာခြင်း အမှတ်စဉ် ၂ မှ အဓိက တွေ့ရှိချက်များ*

- တုံ့ပြန်ဖြေကြားသူများမှ ပုံမှန်မှတ်ချက်ပြုကြသည်မှာ ဘာသာစကားရင်းနှီးကျွမ်းဝင်မှုရှိခြင်းသည် သာယာဝပြောပြီး ငြိမ်းချမ်းသော လူမှုအသိုင်းများ ဖြစ်လာစေရန် မြှင့်တင်ပေးသည်ဟူ၍ ဖြစ်သည်။

- တုံ့ပြန်ဖြေကြားသူ တိုင်းရင်းသားလူမျိုးတိုင်းက ဘုံဘာသာစကားတစ်ခုပြောဆိုအသုံးပြုရန်နှင့် ရခိုင်ပြည်နယ်အတွင်း အသုံးပြု ပြောဆိုသောဘာသာစကားတိုင်း၏ အနည်းဆုံးအခြေခံအဆင့်သင်ယူမှုကို ပံ့ပိုးပေးသောပညာရေးကို လက်လှမ်းမီစေရန် ရှင်းလင်းပြတ်သားသော သဘောထားတစ်ရပ် ရှိကြသည်။

- ဘာသာစကားအခက်အခဲများနှင့်အတူ နိုင်ငံတော်မှအရေးယူပိတ်ပင်သည့် ခွဲခြားဆက်ဆံမှုများသည် လူမျိုးစုများနှင့် ယုံကြည်ကိုးကွယ်မှုများအပေါ် အခြေခံထားသည်။ အစိုးရ၏ဝန်ဆောင်မှုများကို သင့်တင့်မျှတစွာ လက်လှမ်းမီနိုင်မှုတို့ကို တင်းကြပ်စွာ ကန့်သတ်ထားသည်။ အသေးစိတ်အားဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူဝင်မှု ကြီးကြပ်ရေးကဏ္ဍများတွင် ဖြစ်သည်။

- စစ်တွေမြို့နယ်အတွင်း ရှည်ကြာလှသောခွဲခြားဆက်ဆံသည့်အခြေအနေသည် ရိုဟင်ဂျာမွတ်စလင်များကို ရခိုင်ဘာသာစကားကို လေ့လာသင်ယူရန်နှင့် ရခိုင်ဗုဒ္ဓဘာသာများကို ရိုဟင်ဂျာဘာသာစကားလေ့လာသင်ယူနိုင်ရန် အခွင့်အလမ်းများကို သိသာထင်ရှားစွာ ပိတ်ပင်ထားသည်။

- ခွဲခြားဆက်ဆံခြင်းကြောင့် ကျိုးပျက်နေသည့်လူမှုစီးပွားပေါင်းသင်းဆက်ဆံရေးသည် လူမှုအသိုက်အဝန်းများ၏ သာယာဝပြောမှုကို ကန့်သတ်ပိတ်ပင်ထားသည်။ ထို့ပြင် ခွဲခြားဆက်ဆံခြင်းသည် "ငါတို့အဖွဲ့ဝင်"နှင့် "ငါတို့အဖွဲ့ဝင်မဟုတ်" ဟူသည့် စိတ်ဓါတ်ကို ပိုမိုအားကောင်းလာစေသည်။ ယင်းသည် စစ်တွေမြို့နယ်အတွင်း လူမှုပေါင်းစည်းညီညွတ်ရေး မြင့်တက်လာရမည့်အစား လက်ရှိ ရိုဟင်ဂျာများအပေါ်ကြောက်မက်ဖွယ်ရာများအဖြစ် ပုံဖော်နေမှုများ ကို အဆိုးဆုံးသို့ တွန်းပို့နေသကဲ့ သို့ရှိသည်။

- မရမာကြီးနှင့် ဒိုင်းနက်လူမျိုးအနည်းငယ်သော တုံ့ပြန်ဖြေရှင်းသူများသည် ၎င်းတို့၏ လူမှုအသိုက်အဝန်းပြင်ပတွင် မိခင်ဘာသာစကားများကို အသုံးပြုပြောဆိုရန်ကြောက်ရွံ့လေ့ရှိကြောင်းတင်ပြကြသည်။ မရမာကြီးနှင့် ဒိုင်းနက်လူမျိုးစုများသည် မိမိတို့အပေါ် ရခိုင်လူမျိုးများမှ "ကုလား" ဟု လွဲမှားစွာ တံဆိပ်ကပ်လေ့ရှိပြီး ၎င်းတို့စကားပြောဆိုသည်ကို ကြားကြသည့်အခါ ရိုဟင်ဂျာဘာသာစကားနှင့် ဆင်တူနေသည့်အတွက် မထီမဲ့မြင်ပြောဆိုမှုများကို ခံစားရသည်ဟု တင်ပြကြသည်။ ၎င်းတို့သည် ဘုံဘာသာစကားတစ်ခု အသုံးပြုရန်အပေါ် များစွာထောက်ခံကြသော်လည်း လူမျိုးစုနှစ်ခုလုံး မိမိတို့ဘာသာစကားကို မကာကွယ်ပါက ပျောက်ကွယ်သွားမည်ကို စိုးရိမ်ကြကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

- သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာများရှိ ကမန်မွတ်စလင်အများစုနှင့် ရခိုင်ဗုဒ္ဓဘာသာများသည် ဘုံဘာသာစကား အသုံးပြုကြပြီး ခိုင်မာသော လူမှုပေါင်းသင်းဆက်ဆံရေး ရှိကြသည်။ ယင်းသည် ပညာရေး၊ စီးပွားရေးနှင့် ကျေးရွာ နေ့စဉ်အုပ်ချုပ်မှုတို့သည် မျိုးနွယ်စုအချင်းချင်း အပြန်အလှန် ပေါင်းသင်းဆက်ဆံရေးကို လိုလားကြောင်း ပြသလျက်ရှိသည်။ အဆိုပါ ရင်းနှီးစွာပေါင်းသင်းဆက်ဆံရေးများသည် ကိုးကွယ်မှုအချင်းချင်းကြား တင်းမာမှုများကို တန်ပြန်ဆောင်ရွက်မှုများနှင့် ပဋိပက္ခမြင့်တက်လာမှုကို လူမှုအသိုက်အဝန်းများမှ ပမာဏတစ်ခုအထိ ကာကွယ်နိုင်စေရန် ပံ့ပိုးပေးနိုင်သည့် အရေးပါသော လူမှုအထိန်းအကွပ်တစ်ခုပင်ဖြစ်သည်။

## (၉) ပြဇာတ် စီမံကိန်း


လက်ရှိ ရှေ့ပြေးစီမံကိန်းကို ဂျာမနီနိုင်ငံဘော့စ်ရှ် ဖောင်ဒေးရှင်းမှ ရံပုံငွေ ထောက်ပံ့ပေးထားပြီး ပြဇာတ် တင်ဆက်မှုကို ပုံပြောခြင်းမှတဆင့် လူမှုအသိုက်အဝန်း စကားဝိုင်းများ ဖြစ်ပေါ်လာစေရန် ပံ့ပိုးပေးသည့် အနုပညာအခြေပြု နည်းလမ်းတစ်ခုအဖြစ် မိတ်ဆက်ပေးမည်ဖြစ်သည်။ ပုံပြောခြင်းစကားဝိုင်းနှင့် အခြားပဋိပက္ခအသွင်ပြောင်းခြင်းနည်းလမ်းများကို လေ့လာသင်ယူထားသည့် အားလုံးပါဝင်သော စကားဝိုင်းပံ့ပိုးသူများအဖွဲ့တစ်ခုကို ပုဂ္ဂလိကပုံပြင်များအား ပရိတ်သတ်အနည်းငယ်အတွက် တင်ဆက်ပြသနိုင်ရန် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။ အဆိုပါ ပြဇာတ်စကားဝိုင်းအတွင်း ပုဂ္ဂလိကပုံပြင်များအားဖြင့် လေးစားမှုနှင့် အသိအမှတ်ပြုမှုတို့ကို ရှာဖွေနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သရုပ်ဆောင်မှုများသည် ချိတ်ဆက်မှုနှင့် လူမှုအသိုက်အဝန်းအတွင်း လူမှုပေါင်းစည်းညီညွတ်ရေးကို ရှာဖွေသွားမည်ဖြစ်သည်။

## (၁၀) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း စီမံကိန်း


PDI-Kintha အဖွဲ့အနေဖြင့် အလှူရှင်များ၏ အထောက်အပံ့များကို ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားများ အတွက် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် တက်ကြွပြီးသတင်းအချက်အလက် ပြည့်စုံစွာရရှိသော ပါဝင်သူများဖြစ်လာစေရန်၊ ရခိုင်ပြည်နယ်၏ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို အားမြှင့်ပေးနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးနိုင်ရန်နှင့် ဒေသအခံခေါင်းဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်သူများ ကွန်ယက်တစ်ခုကို စွမ်းရည်မြှင့်တင်ပေးရန်အတွက် လူထုလက်တွဲလှုပ်ရှားမှုများတွင် အသုံးပြုသွားမည်ဖြစ်သည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများ မဟာမိတ်တစ်ခုသည် မဲပေးသူများပညာရေးအစီအစဉ်နှင့် ရွေးကောက်ပွဲ စောင့်ကြည့်ရေးအတွက် ကနဦးပြင်ဆင်ခြင်းများ၊ တာဝန်အစီရင်ခံစာရေးသားတင်ပြခြင်းတို့ ပါဝင်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။ ဤစီမံကိန်းကို PDI-Kintha အဖွဲ့မှ ဦးဆောင်ကာ ဒေသခံ အရပ်ဖက်လူမှုအဖွဲ့အစည်းများဖြစ်သည့် ပြည်သူ့အတွက် ပြည်သူများအဖွဲ့၊ ဝံလက်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် ရခိုင် လူငယ်မျိုးဆက်သစ်များ ကွန်ယက်တို့နှင့် မိတ်ဖက်ဖွဲ့ အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ အစီအစဉ် တစ်လျောက် မဟာမိတ်အဖွဲ့သည် ပညာပေးစာရွက်စာစောင်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရေးအတွက် ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲများအတွက် ပြည်သူ့မဟာမိတ် (PACE)နှင့် ဆွေးနွေးတိုင်ပင်အကြံပြုချက် ရယူသွားမည်ဖြစ်သည်။

## (၁၀)နှစ်စဉ် အချက်အလက်ဖော်ပြမှု ကားချပ်

### (ကျား/မနှင့် လူမျိုးအလိုက် အကျိုးခံစားခွင့်ရှိသူဦးရေ စုစုပေါင်း)





### စီမံကိန်းအားလုံး၏ ကျား/မအလိုက် အကျိုးခံစားခွင့်ရှိသူဦးရေ (၁၇၃၆ ဦး) မ၊ ကျား၊ ၅၃%၊ ၄၇ %




စီမံကိန်းများအားလုံး၏ လူမျိုးအလိုက်အကျိုးခံစားခွင့်ရှိသူဦးရေ စုစုပေါင်း (၁၇၃၆ ဦး)

(ရခိုင် ၁၀၉၉၊ ရိုဟင်ဂျာ ၅၃၈၊ မြို ၁၁၊ ချင်း ၂၆၊ ဒိုင်းနက် ၁၁၇၊ ကမန် ၇၄၊ ခမီ ၅)

## (၁၁) ဘဏ္ဍာရေးသတင်းအချက်အလက်




## ၁၂။ ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့အစည်းများ
## (မိတ်ဖက်အဖွဲ့အစည်းများ၏ နာမည်နှင့် အမှတ်တံဆိပ်)

| | | |
|---|---|---|
| Wan Lark Foundation | International Recuse Committee-IRC | Organization for Building Better Society – BBS |
| People for People | Mote Oo Education | Culture for Peace |
| Rakhine Youth New Generation-Network | Inmedio (Berlin) | Turning Tables Myanmar |

## (၁၃) ကျွန်ုပ်တို့၏ အလှူရှင်များ
## (အလှူရှင်အဖွဲ့အစည်းများ၏ အမည်နှင့် အမှတ်တံဆိပ် Logos)

- National Endowment for Democracy (NED)
- American Jewish World Service (AJWS)
- Unitarian Universalist Service Committee (UUSC)
- Burma Relief Center (BRC)
- The Fund for Global Human Rights (FGHR)
- French Embassy in Burma
- Christian Aid (CA)
- GIZ
- Tharthi Myay Foundation (TMF)
- Olof Palme International Center (OPC)
- UNFPA
- USAID/DAI
- Ifa
- Open Society Myanmar (OSM)
- Columbia University

## (၁၄) လိပ်စာနှင့် အဆက်အသွယ်

PDi-Kintha
Peace & Development Initiative
Education for Peace & Development

+95 9442833455, +95 9442833454, +95 9252800331

အမှတ် ၂၁၄၊ မိဇ္ဈ ရပ်ကွက်၊ ကမ်းနားလမ်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်၊ မြန်မာနိုင်ငံ

Executive_director@kintha-pdi.org

www.kintha-pdi.org

The English language version of this report is the orgininal version
and should be referred to in case of any inconsistencies.

ဤစာတမ်းတွင်ပါဝင်သည့် မူရင်းအင်္ဂလိပ်စာမှာ အတည်ဖြစ်ပါသည်။ မြန်မာဘာသာပြန်ဆိုမှုများတွင်
အနက်အဓိပ္ပါယ်ကွဲလွဲမှုများ တတ်နိုင်သမျှမဖြစ်စေလိုသော ရည်ရွယ်ချက်ကြောင့်
မူရင်းအင်္ဂလိပ်စာတမ်းကိုသာ အတည်ပြုဖတ်ရှုစေလိုပါသည်။